ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၄၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်**

**( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၄၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇ )ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၁၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၄၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးမြင့်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၄၄)ရက်မြောက်နေ့ ၆-၁၀-၂၀၁၆ ရက်နေ့တွင် အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျိုက်ထီးရိုးစေတီပွဲတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်ရန်။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ UEC ခုံရုံး တက်ရောက်ရန်။ ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျိုက်ထီးရိုးစေတီပွဲတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးပြုးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ UECခုံရုံး တက်ရောက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) ကျန်းမာရေးတို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၉)ဦးဖြစ်ပြီး၊ စုစုပေါင်းခွင့်ပန်ကြားသူ (၂၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်ကခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ( ၁၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ( ၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၄)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ဝါဘိုချောင်းကူးတံတားတစ်စင်းကို ပြည်ထောင်စု/ပြည်နယ်အစိုးရရန်ပုံငွေမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် က ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ဝါဘိုချောင်းကူးတံတားတစ်စင်းကို ပြည်ထောင်စု/ပြည်နယ်အစိုးရရန်ပုံငွေမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်က ရခိုင်(၁)မှ ဦးဝေစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမှာကတော့ စစ်တွေမြို့နယ်မှာ ဝါဘိုချောင်းကူးတံတား တစ်ခုကို တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိဆိုတာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ရခိုင်ပြည်နယ်လွှတ်တော်မှာ မေးမြန်းခဲ့သော်လည်းပဲ ပြတ်သားတဲ့ အဖြေမရရှိခဲ့တဲ့အတွက် အခု ဒီအမျိုးသားလွှတ်တော်ကြီးမှာ ထပ်မံပြီးတော့ မဲဆန္ဒရှင်တို့၏ဆန္ဒအရ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီတံတား တည်ဆောက်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ်က ယခင် ဒုတိယသမ္မတကိုယ်တိုင် နယ်စပ်ရေးရာ

ဝန်ကြီးဌာနအား ညွှန်ကြားမှုရှိခဲ့တယ် လို့ဆိုပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာန ကတစ်ဖန် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနသို့ လွှဲအပ်ခဲ့ပြီးနောက် လုပ်ငန်းအကောင်အထည် မပေါ်ခဲ့တော့ပါဘူး။ လွန်ခဲ့တဲ့ (၂)လ ၂၀၁၆ ဩဂုတ်လက ရခိုင်ပြည်နယ်လွှတ်တော်မှာ ပြည်နယ်ဝန်ကြီး ဖြေကြားသွားတာကတော့ နည်းပညာအားနည်းမှုကြောင့်လည်းကောင်း၊ ငွေရေးကြေးရေးအရ ကျပ်သန်း (၅၄၀) ကျော် ကုန်ကျမှာဖြစ်သောကြောင့်လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပြည်နယ်အစိုးရ ရန်ပုံငွေမှာ မပါဘူးလို့ ဖြေကြားသွားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်တွေမြို့နယ်အတွင်းရှိဝါဘိုကျွန်းဟာ ရေပတ်လည်ဝိုင်းထားတဲ့ ကျွန်းတစ်ကျွန်း ဖြစ်ပါတယ်။ စစ်တွေမြို့မှ (၁၀) မိုင်ခန့်ကွာဝေးပါတယ်။ ဝါဘိုချောင်းဟာ ဒီရေတက်ချိန်မှာ ပေ(၄၆၀) ခန့်ကျယ်ပါတယ်။ ဝါဘိုကျေးရွာတွင် အ-ထ-က ကျောင်းရှိပြီး၊ တိုက်နယ်ဆေးရုံလည်းရှိပါတယ်။ လွန်ခဲ့တဲ့ (၃၅)နှစ် ဝါဘို အ-လ-က ကျောင်းရရှိကတည်းက အနီးပတ်ဝန်းကျင် ကျေးရွာများမှ ကျောင်းသား/ ကျောင်းသူတွေဟာ ဒီချောင်းကို ကူးတို့ကူး၍ ကျောင်းတက်နေရသည်မှာ ယနေ့ထက်တိုင် ဖြစ်ပါတယ်။ ဝါဘိုကျွန်းရှိ ကျေးရွာများမှ ကျေးလက်ပြည်သူများမှာလည်း စစ်တွေမြို့နှင့် တခြားဒေသတွေကို သွားလာရာတွင် ဒီချောင်းကိုပဲ အသွားအပြန် နေ့စဥ်ကူးခပ်နေရပါတယ်။ ၂၀၁၆ ခုနှစ်၊ ကျောင်းဖွင့်ချိန် အတွင်းမှာပင် ပုဏ္ဏားကျွန်းမြို့နယ်၌ ကူးတို့စက်လှေ တိမ်းမှောက်၍ ကျောင်းသား၊ ကျောင်းသူ (၇)ဦး သေဆုံးခဲ့ရပြီး၊ ရသေ့တောင်မြို့နယ်တွင်လည်း ကူးတို့စက်လှေနစ်မြုပ်၍ (၄)ဦး သေဆုံးခဲ့ရမှု ဖြစ်စဥ်များ ရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးမှု အဆင့်(၁၃)မှာရှိတဲ့ မြစ်ချောင်း ပေါများတဲ့ ရခိုင်ပြည်နယ်မှာ တံတားတစ်ခု ဖြစ်ထွန်းဖို့ဆိုတာ အရှုံး၊ အမြတ်နဲ့ တွက်လို့မဖြစ်နိုင်ပါဘူး။ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးမှ စေတနာထားဆောင်ရွက်မှသာ ဖြစ်နိုင်ဖွယ်ရှိပါတယ်။ ဒါမှလည်း ဝါဘိုကျွန်းကလေးတွေဟာလည်းပြင်ပ---- (ဩဘာသံများ)

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဦးဝင်းခိုင် ( ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၁)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝေစိန်အောင်မှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ဝါဘိုချောင်းကူးတံတားတစ်စင်းကို ပြည်ထောင်စု သို့မဟုတ် ပြည်နယ်အစိုးရရန်ပုံငွေမှ ၂၀၁၇-၂၀၁၈

ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရဲ့ ၂၀-၅-၂၀၁၅ ရက်နေ့မှ ၂၁-၅-၂၀၁၅ ရက်နေ့အထိ ရခိုင်ပြည်နယ်ခရီးစဉ်မှာ စစ်တွေမှ ဝါဘို ကျေးရွာသို့ မော်တော်ယာဉ်ဖြင့် သွားရောက်နိုင်ရေးအတွက် အရှည် ပေ(၄၅၀)ရှိ ချောင်းကူးတံတား တည်ဆောက် ရန်လမ်းညွှန်မှာကြားခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ တံတားကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူ တည်ဆောက်ပေးသွားမှာဖြစ်ပြီး လိုအပ်သည့် နည်းပညာဆိုင်ရာလိုအပ်ချက်များ ရရှိရေး အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြား လာခြင်းအပေါ် စစ်တွေမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဒေသသို့ ကွင်းဆင်း လေ့လာတိုင်းတာခဲ့ရာ တံတားတည်ဆောက်မယ့်နေရာဟာဆိုရင် ဒီရေအကျဆုံးအချိန်မှာ အကျယ် (၃၆၀) ပေနဲ့ အနက်(၉)ပေရှိပြီးတော့၊ ဒီရေအတက်ဆုံးအချိန်မှာတော့ အကျယ်(၄၆၀)ပေနဲ့ အနက် ပေ(၂၀) ခန့်ရှိတဲ့ ချောင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power point အသုံးပြု၍ မြေပုံနဲ့ ရှင်းလင်းတင်ပြ ခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ အဆိုပါ ဝါဘိုချောင်းကူးတံတားဟာ ပေ(၁၈၀) အထက်တံတား ဖြစ်တဲ့အတွက် တံတား စံချိန်၊ စံညွှန်းသတ်မှတ်ပြီးတော့ စနစ်တကျဒီဇိုင်းရေးဆွဲပြီး ဆောင်ရွက်ရမယ့် လုပ်ငန်း အမျိုးအစားဖြစ်ပါတယ်။ ဝါဘိုချောင်းကူးတံတားမှာ အလျားပေ (၄၆၀)၊ အကျယ်(၁၄)ပေ၊ အမြင့်(၁၆)ပေရှိပြီး ပဏာမတွက်ချက်ခန့်မှန်းမှုအရ ကျပ်သန်းပေါင်း(၉၅၀)ခန့် ကုန်ကျမှာ ဖြစ်ပါ တယ်။ ထိုကျေးရွာအနေဖြင့် အိမ်ခြေ(၅၈၈)အိမ်ခန့်နဲ့ လူဦးရေ(၂၉၉၅)ဦးခန့် ရှိပြီးတော့ အဓိက စီးပွားရေး လုပ်ငန်းအနေဖြင့် စိုက်ပျိုးရေး၊ ရက်ကန်းနှင့် ရေလုပ်ငန်းများ ဆောင်ရွက်သော ကျွန်းဒေသ ဖြစ်ပါတယ်။ တံတားတည်ဆောက်မှုအတွက် ကုန်ကျငွေနဲ့ အကျိုးဖြစ်ထွန်းမှု လေ့လာပါက အကျိုးအမြတ် အချိုးနည်းနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ သို့သော် ဒေသဖွံ့ဖြိုးရေးကို အလေးထားတဲ့ အနေနဲ့ ၂၀၁၇-၂၀၁၈ လုပ်ငန်းရန်ပုံငွေမှာ ဦးစားပေးအစီအစဉ်အလိုက် ပြည်နယ် အစိုးရရန်ပုံငွေလျာထားထည့်သွင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းသည့် မေးခွန်း များဟာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နိုင်ငံတော်အစိုးရမှ ခေတ်အဆက်ဆက်ထုတ်လုပ်ခဲ့သော၊ ထုတ်လုပ်လျက်ရှိသော ဓာတ်မြေဩဇာစက်ရုံ(၅)ရုံနှင့် ပြည်ပမှ တင်သွင်းသည့် ဓာတ်မြေဩဇာများ နှင့် စပ်လျဉ်း၍ သိရှိလိုသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း က နိုင်ငံတော်အစိုးရမှ ခေတ်အဆက်ဆက် ထုတ်လုပ်ခဲ့သော၊ ထုတ်လုပ်လျက်ရှိသော ဓာတ်မြေဩဇာစက်ရုံ(၅)ရုံနှင့် ပြည်ပမှ တင်သွင်းသည့် ဓာတ်မြေဩဇာများနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးလှဆန်း ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံးမင်္ဂလာပါ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများဖြစ်သော မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ တောင်သူလယ်သမားများ စိုက်ပျိုးသည့် မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ ယခုသီးနှံပေါ်ချိန်မှာ မြေပဲတစ်တင်း(၆၀၀၀)ကျပ်၊ နှမ်းတစ်တင်း (၃၀၀၀၀)ကျပ်၊ ပဲမျိုးစုံတစ်တင်း(၁၈၀၀၀)ခန့် ဈေးနှုန်းသာရှိပါ၍ သွင်းအားစုများဖြစ်သော မျိုးစေ့စရိတ်၊ စိုက်ပျိုးစရိတ်၊ ပေါင်းထိုးစရိတ်၊ ဓာတ်မြေဩဇာစရိတ်၊ ရိတ်သိမ်းစရိတ်များ၊ ကုန်ကျစရိတ်များ၊ ထွက်ရှိပြီးဖြစ်တဲ့ပစ္စည်းနဲ့ မကာမိပါ၍ စိုက်ပျိုးစားချင်စိတ်တောင် မရှိတော့အောင် စိတ်ဓာတ်ကျနေကြပါတယ်ခင်ဗျား။ သို့ပါ၍ ကျေးဇူးရှင်တောင်သူဦးကြီးများဟု ပြောပြောပြီး ပါးတစ်ဖက်ရိုက်သွားသူက ရိုက်သွားပေမယ့် ယနေ့အချိန်အခါမှာဖြင့် ပါးတစ်ဖက် မြေဩဇာနံ့သာလိမ်းခြယ်ပေးလိုပါ၍ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းကော်မတီ မကွေး အမှတ်(၁) မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးလှဆန်းမှ ဖော်ပြပါ မေးခွန်းအား မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မေးခွန်းသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီးဌာန နှစ်ခုအား ပူးပေါင်း ဆောင်ရွက်ဖြေကြားရမည့် မေးခွန်းဖြစ်ပါသည်။ နင့်ကိုငါချစ်တယ်။ ငါ့ကိုနင်ချစ်မလား မေးခွန်းမျိုးမဟုတ်ပါဘူး။ မြေကြီးနှင့်တောင်သူ၊ တောင်သူလယ်သမားနှင့်မြေကြီးသည် တစ်သက်လုံးပေါင်းသင်းရမယ့် အကြင်လင်မယား လိုပါပဲ။ မြေကြီးကိုတောင်သူက ဂရုစိုက်ပါမှ မြေကြီးကတောင်သူကို အကျိုးပြုမှာဖြစ်ပါ၍ မြေကြီးကိုပြုပြင်ရန်လိုအပ်သည့်ဓာတ်မြေဩဇာထုတ်လုပ်ပေးသော စက်ရုံများအကြောင်းကို မေးမြန်း ရခြင်း ဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီအစိုးရခေတ်၊ မဆလခေတ်၊ နဝတခေတ်၊ နယကခေတ်အဆက်ဆက် တည်ဆောက်ထုတ်လုပ်ခဲ့သော ဓာတ်မြေဩဇာစက်ရုံများ၏ တည်နေရာ၊ နံပါတ်(၁) တည်နေရာ၊ စတင်တည်ထောင်တဲ့ခုနှစ်၊ နည်းပညာပေးတဲ့နိုင်ငံ၊ တစ်နှစ်ထွက်ရှိတဲ့ ဓာတ်မြေဩဇာတန်ချိန် ဘယ်လောက်ရှိပါသလဲ။

နံပါတ်(၂) ထွက်ရှိတဲ့ ဓာတ်မြေဩဇာများမည်ကဲ့သို့ ဖြန့်ဖြူးပါသလဲ။ နံပါတ်(၃) ၎င်းစက်ရုံ(၅)ရုံမှ ယခုလက်ရှိလည်ပတ်နိုင်ပါသေးသလား။ မလည်ပတ်နိုင်လျှင် ဘယ်လိုအခက်အခဲကြောင့် မလည်ပတ်နိုင်တာလဲ။ ယနေ့စက်ရုံများထွက်ရှိတဲ့ တန်ချိန် အရေအတွက်ဘယ်လောက်လဲသိရှိပါရစေ။

နံပါတ်(၄) ဓာတ်မြေဩဇာတင်သွင်းသည့် နိုင်ငံများ၊ ကုမ္ပဏီများ(၁၀၀)ကျော်ရှိကြောင်း သိရှိရပါတယ်။ ဘယ်လိုပုံစံနဲ့ တင်သွင်းခွင့်ပြုတာလဲ။ တစ်နှစ်ကို နိုင်ငံအတွင်း တင်သွင်းတဲ့တန်ချိန် ဘယ်လောက် ရှိပါသလဲ။ နိုင်ငံအနေဖြင့် ထွက်ငွေဘယ်လောက် ရှိသွားပြီလဲဆိုတာ သိပါရစေ။ နံပါတ်(၅) ၎င်းပြည်ပမှ တင်သွင်းသော ဓာတ်မြေဩဇာများ ပါဝင်သည့်၊ ဖော်ပြသည့် ဓာတ်အမျိုးအစား၊ အချိုးအစား ကိုက်ညီမှု ရှိ/မရှိ မည်ကဲ့သို့ စစ်ဆေးပါသလဲ။ စစ်ဆေးမှုများရော လုပ်ခဲ့ပါသလား။ ဖမ်းဆီးအရေးယူမှု ရောရှိခဲ့ပါသလား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဖောင်စီးရင်းရေငတ်ဆိုတာ ပင်လယ်ပြင်မှာ တော့ငတ်ပါလိမ့်မယ်။ မြစ်ချောင်းများမှာတော့ ဖောင်စီးရင်းတော့ ရေမငတ်လောက်ပါဘူး။ ယခု ကျွန်တော်တို့ တောင်သူဦးကြီးများမှာတော့ နှမ်း၊ မြေပဲ ဖင်ခုထိုင်ရင်း ကိုယ့်နှမ်းဆီ၊ ပဲဆီတောင်မစားရ တဲ့ဘဝ။ တောင်သူလုပ်ရင်း ဆီငတ်နေကြရပါပြီ။ မော်ဒယ်မြင့်တဲ့ သက်မဲ့မော်တော်ကားတွေတောင်မှ ဓာတ်ဆီဆို 92၊ 95 တဲ့၊ ဒီဇယ်ဆို ပရီမီယမ်ဒီဇယ်အသုံးပြုနေရတဲ့အချိန်မှာ ကျွန်တော်တို့ တောင်သူများ ထွက်ရှိတဲ့ ပဲ၊ နှမ်းကိုရောင်းပြီး စားအုန်းဆီ၊ ရောစပ်ဆီ စားနေရတဲ့ဘဝ ခံစားနေကြ ရပါပြီ။

သို့ပါ၍ ကျွန်တော်တို့တောင်သူလယ်သမားများအကျိုးငှာ မြေဆီလွှာပြုပြင်ဖို့ရာ သဘာဝ မြေဩဇာစက်ရုံများ၊ အထွက်နှုန်းတိုးဖို့ရာ ဓာတ်မြေဩဇာစက်ရုံများ၊ ပြည်တွင်းကုမ္ပဏီများ အနေဖြင့်သော်လည်းကောင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် သော်လည်းကောင်း၊ ပြည်ပနိုင်ငံမှ မဝယ်ယူ မတင်သွင်းရလောက်အောင် စီမံကိန်းများ ချမှတ်ပြီး ရေရှည်စီမံကိန်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**လျှပ်စစ်ကို ပိုမိုသုံးစွဲခြင်းမပြုဘဲ ပုံမှန်သုံးစွဲနေကျ အတိုင်း သုံးနေသော်လည်း ယခင်ပျမ်းမျှကျသင့်သည့် မီတာခထက် Digital မီတာပြောင်းလဲ တပ်ဆင်သည့်အခါကျမှ မီတာခများ ပိုမိုကျသင့်နေသည်မှာ မည်သည့်အတွက်ကြောင့်ဖြစ်ကြောင်း သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း က လျှပ်စစ်ကို ပိုမိုသုံးစွဲခြင်းမပြုဘဲ ပုံမှန်သုံးစွဲနေကျ အတိုင်း သုံးနေသော်လည်း ယခင်ပျမ်းမျှကျသင့်သည့် မီတာခထက် Digital မီတာပြောင်းလဲ တပ်ဆင်သည့်အခါကျမှ မီတာခများ ပိုမိုကျသင့်နေသည်မှာ မည်သည့်အတွက်ကြောင့်ဖြစ်ကြောင်း သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပြည်သူလူထု တွေဟာ နိုင်ငံတော်ကပေးဝေတဲ့ လျှပ်စစ်ဓာတ်အားကို မလာတစ်ချက်၊ လာတစ်ချက်နဲ့ လာလို့ရှိရင်လည်း ပဲ ခရမ်းချဉ်သီးလောက်သာလာတဲ့ မီးအနေအထားပေါ့။ အဲဒီအနေအထားမှာ သုံးစွဲနေရတာဖြစ်ပါ တယ်။ ဒီလိုမျိုးသုံးစွဲနေရတဲ့အခါမှာ မီးလာတုန်းအခိုက်မှာ ကျွန်တော်တို့ ရေတင်တာရှိမယ်၊ တီဗီကြည့် တာ ရှိမယ်။ အဲယားကွန်းတို့၊ ကျွန်တော်တို့ ရေခဲသေတ္တာတို့၊ လျှပ်စစ်ပေါင်းအိုးတို့စသည်အားဖြင့် ဒီလိုမျိုး တွေ

သုံးစွဲတာရှိပါတယ်။ ယခင်တုန်းက ကျွန်တော်တို့ သုံးစွဲခဲ့တဲ့ Meter Box တွေနဲ့ ကျွန်တော်တို့ သုံးစွဲနေတုန်းက လျှပ်စစ်ရုံးကလာပြီးတော့ မီတာဖတ်လို့ရှိရင် ကျွန်တော်တို့ အိမ်ရှင်တွေကလည်းပဲ သွားရောက်ပြီးတော့ အတူတူဖတ်တယ်။ ဒီလဘယ်လောက်ယူနစ်ကို သုံးထားတာရှိတယ်။ မီတာပြေစာလာတဲ့အခါမှာ ကြည့်လိုက်လို့ရှိရင် ကျွန်တော်တို့ သုံးစွဲထားတဲ့ယူနစ်က တစ်ယူနစ်ကို (၃၅)ကျပ်၊ ယူနစ်(၁၀၀) ကျော်သွားလို့ရှိရင် (၇၅)ကျပ်နှုန်းနဲ့တွက်ချက်ကြည့်လိုက်တဲ့အခါမှာ ပြေစာမှာပါတဲ့အတိုင်း ကျွန်တော်တို့ တွေ ဒါကွဲပြားမှုမရှိဘဲနဲ့ ကျွန်တော်တို့ ထမ်းဆောင်ခဲ့ရပါတယ်။

နောက်ပိုင်းတွေမှာ ကျွန်တော်တို့ လျှပ်စစ် Analog Meter တွေဟာ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ သိပ်မှန်ကန်မှုမရှိဘူး။ မီတာယူနစ်တွေ ကွာခြားမှု များပြားပြီးတော့ မီတာချိုယွင်းမှုတွေ၊ ယူနစ်မတက်စေရန် ပြုပြင်သုံးစွဲမှုတွေကြောင့် နိုင်ငံတစ်ဝန်းလုံးမှာ ပျောက်ဆုံးယူနစ်တွေ များပြားနေတဲ့အတွက် ဆိုပြီးတော့ လျှပ်စစ်ဓာတ်အားသုံးစွဲမှု မှန်ကန်စေရေးအတွက် Digital မီတာတွေကို ပြောင်းလဲတပ်ဆင်ခဲ့ပါတယ်။ အဲဒီလို ပြောင်းလဲတပ်ဆင်တဲ့အခါမှာ ဓာတ်တိုင်ရဲ့ ထိပ်ဖျားပေါ်မှာ သွားပြီးတော့ ဒီ Meter Box တွေကို တပ်ထားတဲ့အတွက် ကျွန်တော်တို့ တက်ကြည့်လို့လည်းမရ၊ အောက်ကနေပြီးတော့ မော့ကြည့်လို့လည်းမရ၊ နောက်ပြီးတော့ တက်ကြည့်ပြန်ရင်လည်းပဲ ကိုယ့်ရဲ့ မီတာအလုံးက ဘယ်အလုံးမှန်းဆိုတာ သေသေချာချာမသိရတဲ့အတွက် အခက်အခဲတွေရှိခဲ့ရတယ်။ အဲဒီ အနေအထားမှာ ထားပါတော့၊ ဒီ Meter Box တွေက အင်မတန်မှကောင်းတယ်ဆိုပြီးတော့ ပြောင်းလဲတပ်ဆင်တဲ့နေရာမှာ မီတာပြေစာရောက်ရှိလာတဲ့အခါကျတော့မှ ယခင်က လစဉ်(၅၀၀၀)ကျပ်ခန့်ကျနေတဲ့ နေရာကနေပြီးတော့ (၂၀၀၀၀) ကျပ်ကျလို့ကျ၊ လူမနေတဲ့အိမ်က ငွေ(၃၀၀၀)ကျပ် ကျလို့ကျ၊ (၁၅၀၀၀)လောက် ပုံမှန်ကျနေတဲ့ အိမ်က ကျပ်(၄၀၀၀၀)လောက် ကျလို့ကျဖြစ်နေတာကို တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ပြည်သူတွေမှာ စိတ်ကသိကအောက် ဖြစ်နေပြီးတော့ ပြောင်းလဲလုပ်ကိုင်နေတဲ့ ကုမ္ပဏီကနေပြီးတော့ လျှပ်စစ်မီတာခများကို မမှန်မကန်စာရင်းတင်ပြီးတော့ တောင်းခံနေတယ်။ အဲဒီအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ရှိသူတွေကလည်း ကြီးကြပ်မှုအားနည်းနေတယ်။ (ဩဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့တွင် ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ခွင့် ရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် RE တွင် လျာထားဆောင်ရွက်ပေးရန် သို့မဟုတ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေးက မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့တွင် ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ခွင့် ရရှိရေးအတွက် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ် RE တွင် လျာထားဆောင်ရွက်ပေးရန် သို့မဟုတ် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံသားအားလုံး ကောင်းကျိုးလိုရာဆန္ဒပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးချစ်ထွေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မကွေးခရိုင်၊ မြို့သစ်မြို့နှင့် နတ်မောက်မြို့ တို့သည် ပြီးခဲ့သော အစိုးရ၏ ခေတ်အဆက်ဆက်တွင် တောင်တွင်းကြီးမြို့ ပင်ပဓာတ်အားခွဲရုံ (၁၁) ကေဗွီ၊ မြို့သစ်မြို့နှင့် နတ်မောက်မြို့ ဖီဒါဖြင့် (၁၁)ကေဗွီလိုင်း (၂၈)မိုင်ခန့်တည်ဆောက်၍ ဓာတ်အားရယူ သုံးစွဲနေရသောမြို့များ ဖြစ်ပါတယ်။ ယခုအခါလိုင်းမိုင်ရှည်လျားခြင်း ကြောင့်လည်းကောင်း၊ ဓာတ်အားသုံးစွဲမှု တိုးတက်များပြားလာ၍လည်းကောင်း၊ မြို့သစ်မြို့နယ်သို့ ဓာတ်အားလက်ခံချိန်တွင် (၁၀.၂)ကီလိုဗို့သာရရှိ၍ (၁၁)ကေဗွီလိုင်းအဖျားတွင် တည်ရှိသော နတ်မောက်မြို့နယ်မှာ ပို၍ပင် ဓာတ်အားကျဆင်းမှုများ ဖြစ်ပေါ်နေပြီး၊ တောင်တွင်း၊ မြို့သစ်၊ နတ်မောက် (၁၁)ကေဗွီဓာတ်အားလိုင်း ၏ ဓာတ်အားပျောက်ဆုံးမှု ရာခိုင်နှုန်းမှာလည်း များပြားလျက်ရှိနေပါတယ်။

လိုင်းမိုင်ရှည်လျားစွာ သုံးစွဲနေရသဖြင့် ယူနစ်ပျောက်ဆုံးမှု လျော့ပါးနေခြင်း၊ ဗို့အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် မြို့သစ်မြို့နယ်၊ ကန်ကြီးကျေးရွာအနီးတွင် (၆၆) ကေဗွီခွဲရုံတစ်ခု တည် ဆောက်ခွင့် ရရှိပါက မြို့သစ်မြို့နှင့် နတ်မောက်မြို့ (၁၁)ကေဗွီလိုင်း တိုတောင်းစွာ ဓာတ်အားဖြန့်ဖြူး ပေးနိုင်မည်ဖြစ်ပြီး၊ မြို့သစ်မြို့နှင့် နတ်မောက်မြို့နယ်အတွင်းတွင် NEP Plan အရ အဆိုပြုထားသည့် (၂)မိုင်အတွင်း ကျေးရွာပေါင်း(၅၂)ရွာ၊ အိမ်ထောင်စုပေါင်း (၁၀၀၃၆)နှင့် (၅)မိုင်အတွင်း ကျေးရွာ ပေါင်း (၂၈)ရွာ၊ အိမ်ထောင်စုပေါင်း (၅၂၆၉)အထိ တိုးချဲ့ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါ၍ အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပါသည်။ မြို့သစ်မြို့၊ ကန်ကြီးကျေးရွာအနီးတွင် ကပစ (၁၇) သို့ သွယ်တန်းထားသော (၆၆)ကေဗွီလိုင်း တည်ရှိပါသည်။ အဆိုပါ ဓာတ်အားလိုင်းမှ ဆက်သွယ်ပါက (၆၆)ကေဗွီလိုင်း (၇)မိုင်ခန့်သာ တည်ဆောက်ရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မြို့သစ်မြို့နှင့် နတ်မောက်မြို့တွင် လိုင်းရှည်လျားစွာ သုံးစွဲနေရသဖြင့် ယူနစ်ပျောက်ဆုံးမှုများ လျော့နည်းစေရန်နှင့် ဗို့အားပြည့်ဝစွာ သုံးစွဲ နိုင်ရေးအတွက် မြို့သစ်မြို့၊ ကန်ကြီးကျေးရွာအနီး ၆၆/၁၁ ကေဗွီ (5)MVA ခွဲရုံ တစ်ခု တည်ဆောက်ခွင့် ရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် RE တွင် လျာထားဆောင်ရွက် ပေးနိုင်ပါရန်နှင့် သို့မဟုတ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆန်း မေးမြန်းသည့် နိုင်ငံတော်အစိုးရမှ ခေတ်အဆက်ဆက် ထုတ်လုပ်ခဲ့သော၊ ထုတ်လုပ်လျက်ရှိသော ဓာတ်မြေသြဇာစက်ရုံ(၅)ရုံနှင့် ပြည်ပမှတင်သွင်းသော ဓာတ်မြေသြဇာများနှင့် စပ်လျဉ်း၍ သိရှိလိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်တွင် ဓာတ်မြေသြဇာစက်ရုံ စလေ၊ ကျွန်းချောင်း၊ ကျော်စွာ၊ မြောင်းတကာနှင့် ကန်ကြီးထောင့် စုစုပေါင်း ဓာတ်မြေသြဇာစက်ရုံ (၅)ရုံရှိပါသည်။ ဓာတ်မြေသြဇာစက်ရုံ စလေကို ၁၉၇၀ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး၊ စက်ရုံဒီဇိုင်းအရ သဘာဝဓာတ်ငွေ့ပမာဏ (၅.၆)ကုဗပေသန်း သုံးစွဲပါက ယူရီးယား ဓာတ်မြေသြဇာ (၂၀၅)တန် ထုတ်လုပ်ပေးနိုင်မှာ ဖြစ်သော်လည်း လက်ရှိအခြေအနေတွင် သဘာဝဓာတ်ငွေ့ပမာဏ (၄.၅) ကုဗပေသန်းခန့် အသုံးပြု၍ ယူရီးယားတန် (၉၀)ခန့်သာ ထုတ်လုပ်နိုင်လျက်ရှိပါတယ်။

ဓာတ်မြေသြဇာစက်ရုံ ကျွန်းချောင်းကို ၁၉၆၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး စက်ရုံဒီဇိုင်းအရ သဘာဝဓာတ်ငွေ့ ပမာဏ (၅)ကုဗပေသန်း သုံးစွဲပါက ယူရီးယား (၂၀၇)တန်ခန့် ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ အလားတူ ဓာတ်မြေသြဇာစက်ရုံ ကျော်စွာကို ၁၉၈၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး စက်ရုံဒီဇိုင်းအရ သဘာဝဓာတ်ငွေ့ ပမာဏ (၁၂)ကုဗပေသန်း သုံးစွဲပါက ယူရီးယား(၄၅၀)တန် ထုတ်လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဓာတ်မြေသြဇာစက်ရုံ မြောင်းတကာနှင့် ကန်ကြီးထောင့်တို့ဟာ စက်ရုံဒီဇိုင်းအရ သဘာဝဓာတ်ငွေ့ပမာဏ (၁၂)ကုဗပေသန်းစီ သုံးစွဲပါက ယူရီးယား(၅၀၀)တန် ထုတ်လုပ်နိုင်မှာဖြစ်ပြီး လက်ရှိတွင် သဘာဝဓာတ်ငွေ့ရရှိမှု အခြေအနေအရ တစ်ရုံလျှင် သဘာဝဓာတ်ငွေ့ပမာဏ (၉.၅)ကုဗပေသန်းခန့် သုံးစွဲ၍ ယူရီးယား ဓာတ်မြေသြဇာတန် (၃၀၀)စီ ထုတ်လုပ်လျက်ရှိပြီး စက်ရုံအား ပုံမှန်လည်ပတ်လျက် ရှိပါတယ်။

အထက်ပါ ဓာတ်မြေသြဇာစက်ရုံ စလေ၊ ကျွန်းချောင်း၊ ကျော်စွာ စက်ရုံ(၃)ရုံမှာ သက်တမ်းကြာမြင့်လှပြီဖြစ်ပါတယ်။ ထုတ်လုပ်မှုစွမ်းအားလည်း လျော့နည်းကျဆင်းလျက် ရှိပါတယ်။ ထို့အပြင် ပြည်တွင်းမှာ ထုတ်လုပ်တဲ့ ကုန်းတွင်းသဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်မှု ပမာဏကျဆင်းမှုနှင့် အခြား CNG ဓာတ်ငွေ့ သုံးစွဲမှု သယ်ယူပို့ဆောင်ရေးအတွက် သုံးစွဲမှုများအတွက် ဦးစားပေး အခြေအနေများအရ ဓာတ်မြေသြဇာစက်ရုံများအတွက် သဘာဝဓာတ်ငွေ့ကုန်ကြမ်း မရရှိတဲ့အတွက် စက်ရုံများအား ခေတ္တရပ်ဆိုင်းထားရခြင်း ဖြစ်ပါတယ်။ ကုန်းတွင်းနဲ့ ကမ်းလွန်လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့များ ယခုထက် ပိုမိုတိုးတက်ထုတ်လုပ်ရရှိပါက ခေတ္တရပ်ဆိုင်းထားတဲ့ ဓာတ်မြေသြဇာ

စက်ရုံများအားပြန်လည် လည်ပတ်သွားနိုင်မှာ ဖြစ်ပါတယ်။ ဤ ဝန်ကြီးဌာနမှ ထုတ်လုပ်တဲ့ ယူရီးယား ဓာတ်မြေဩဇာများကို သုံးစွဲသူတောင်သူလယ်သမားများ လက်ဝယ်သို့ အဆင့်အနည်းဆုံးနည်းနဲ့ ဖြန့်ဖြူးနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ အသီးသီးတို့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပါတယ်။ အဆိုပါ အစည်းအဝေး ဆုံးဖြတ်ချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တွက်ချက်ပေးသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ များရဲ့ ယူရီးယားဓာတ်မြေဩဇာ လိုအပ်ချက် ရာခိုင်နှုန်းအရ လက်ရှိထုတ်လုပ်ထားမှုနှင့် ဆက်လက် ထုတ်ပေးနိုင်မှုအပေါ်မှာ ခွဲဝေခြင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများမှ ခွဲဝေရရှိတဲ့ ဓာတ်မြေ ဩဇာများကိုမိမိဒေသအတွင်း ဖြန့်ဖြူးရောင်းချပေးသင့်သူများကို စိစစ်ခွဲဝေရောင်းချပေးခြင်း၊ ယူရီးယား ဓာတ်မြေဩဇာ ဝယ်ယူခွင့် ရရှိသူများက မြောင်းတကာစက်ရုံနှင့် ကန်ကြီးထောင့် စက်ရုံတို့ သို့ သွားရောက်၍ လက်ငင်းငွေချေစနစ်ဖြင့် တိုက်ရိုက်ပစ္စည်းဝယ်ယူခြင်းဆိုတဲ့ အချက်အလက်များကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အနေဖြင့်လည်း ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၃ ဖြင့် မြန်မာနိုင်ငံသားကုမ္ပဏီ များက ဓာတ်မြေဩဇာကို ပြည်ပမှတင်သွင်းရန် လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်ခွင့်ပြု ထုတ်ပေး လျက်ရှိပါတယ်။ ဒ့ါအပြင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၉၆/၂၀၁၅ အရ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများကိုလည်း ဓာတ်မြေဩဇာများ ပြည်ပမှ တင်သွင်းရန် ခွင့်ပြုပေးထားပါတယ်။ ထိုကဲ့သို့ ဓာတ်မြေဩဇာများအား ပြည်ပမှတင်သွင်းရန် လိုင်စင် ခွင့်ပြုရာမှာ မြေဩဇာဥပဒေပုဒ်မ ၄၄ အရ သတ်မှတ်ဖော်ပြထားသော စိုက်ပျိုးရေးဦးစီးဌာနရဲ့ လုပ်ထုံးလုပ်နည်း များနှင့်အညီ တင်သွင်းခွင့် ထောက်ခံချက် ခွင့်ပြုထုတ်ပေးလျက်ရှိပါတယ်။ ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းခြင်းအတွက် သွင်းကုန်လိုင်စင်ခွင့်ပြုရာမှာ တင်သွင်းတဲ့ တန်ဖိုးပမာဏ အပေါ်မှာမူတည်၍ သွင်းကုန်လိုင်စင်ကြေး အနည်းဆုံး ကျပ်(၂၅၀)မှ အများဆုံးကျပ် (၅၀၀၀၀) အထိ ပေးသွင်းရမှာ ဖြစ်သော်လည်း ဓာတ်မြေဩဇာများ ပြည်ပမှတင်သွင်းခွင့် လိုင်စင်ခွင့်ပြုရာမှာ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် ရည်ရွယ်ပြီး နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများက ဖြစ်စေ၊ ပုဂ္ဂလိက ထုတ်ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များက ဖြစ်စေ၊ ဓာတ်မြေဩဇာကို ပြည်ပမှတင်သွင်း လာပါက ယခင်ကုန်သွယ်ရေးဝန်ကြီးဌာနရဲ့ အမိန့်အမှတ် ၂/၉၃ အရ သွင်းကုန် လိုင်စင်ကြေး ကင်းလွတ်ခွင့် ပြုထားတာဖြစ်ပါတယ်။

ဒ့ါအပြင် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၄ အရ ဓာတ်မြေ ဩဇာ တင်သွင်းမှုနှင့် ပတ်သက်၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ပြုထားတာဖြစ်ပါတယ်။ ဒါကြောင့် အခွန်ပေးဆောင်ရမှု မရှိတဲ့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲ၊ ဓာတ်ခွဲခန်းမှ တင်သွင်းခွင့် မှတ်ပုံတင်ခြင်း မပြုမီကပင် ဓာတ်မြေဩဇာရဲ့ အရည်အသွေးကို ကြိုတင်စစ်ဆေးပြီးမှ တင်သွင်းခွင့်ပြုတာ ဖြစ်တဲ့အတွက်ကြောင့် တင်သွင်းလာတဲ့ ဓာတ်မြေဩဇာများအား ပြည်တွင်း တောင်သူများအနေဖြင့် စျေးနှုန်းချိုသာစွာဖြင့်

အရည် အသွေးကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရေးကို သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေနဲ့ တရားမဝင်ထုတ်လုပ်ရောင်းချတဲ့ ဓာတ်မြေသြဇာများနဲ့ အရည်အသွေးပြည့်မီခြင်းမရှိတဲ့ မြေသြဇာများ တင်သွင်း ထုတ်လုပ်မှုများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ဖြည့်စွက်ဖြေကြားလိုတာကတော့ လက်ရှိတိုင်းနဲ့ ပြည်နယ်ဒေသကြီးများက ဓာတ်မြေသြဇာလိုအပ်ချက်ကို သက်ဆိုင်ရာ တိုင်းနဲ့ပြည်နယ်ဒေသအစိုးရတွေ ကနေပြီးတော့ တောင်းခံလာလို့ရှိရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ညှိနှိုင်းပြီး လိုအပ်ချက်များကို တောင်းခံလာပါက မိမိတို့ဝန်ကြီးဌာနအနေနဲ့ လက်ရှိဓာတ်မြေသြဇာတန်ချိန် လက်ဝယ်(၂၅၀၀၀)ခန့် ဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း မေးမြန်းသည့် လျှပ်စစ်ကို ပိုမိုသုံးစွဲခြင်းမပြုဘဲ ပုံမှန်သုံးစွဲနေကျအတိုင်း သုံးသော်လည်း ယခင် ပျမ်းမျှကျသင့်သည့် မီတာခထက် Digital Meter ပြောင်းလဲတပ်ဆင်သည့်အခါကျမှ မီတာခများ ပိုမိုကျသင့်နေသည်မှာ မည်သည့်အတွက်ကြောင့်ဖြစ်ကြောင်း သိရှိလိုခြင်းနဲ့စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ယခင်ရှေးခေတ်က သုံးစွဲခဲ့တဲ့ Analog Meter များမှာ တိကျမှန်ကန်မှု အဆင့်အတန်း ၂ (Class 2) အမျိုးအစားများ ဖြစ်ပါတယ်။ ၎င်းမီတာများရဲ့ အတွင်းကွိုင်များက လျှပ်စစ်သံလိုက်ညို့အားဖြင့် မီတာရဲ့ ကိန်းဂဏန်းများကို ပင်နယံနဲ့ လည်ပြီးတော့မှ မှတ်သားတဲ့စနစ်ကို အသုံးပြုထားတာဖြစ်ပါတယ်။ ဗို့အားမပြည့်တဲ့ အချိန်မျိုးမှာဆိုရင် လျှပ်စစ်မီးကို မီတာသုံးစွဲသူများက သုံးစွဲနေသည့်တိုင်အောင် ထိုမီတာများရဲ့ မီတာလည်ပတ်မှုဟာ နှေးကွေးသွားပါတယ်။ အလားတူ ဝပ်အားနည်းတဲ့ ဘုရားမီးလိုမျိုး မီးလုံးလေးတွေကိုသာ အသုံးပြုနေတဲ့ အချိန်မျိုးမှာ၊ မီးချောင်းတစ်ချောင်း ထဲလောက်ကိုသာ အသုံးပြုတဲ့ အချိန်မျိုးမှာဆိုရင် မီတာကွိုင်အတွင်းကို ဖြတ်သန်းစီးဆင်းတဲ့ လျှပ်စီးဟာ ပမာဏကအလွန်နည်းသွားပါတယ်။ ထိုအချိန်မှာ မီတာကို လျှပ်စစ်ကို တကယ်အသုံးပြုနေသော်လည်းပဲ မီတာဟာ မလည်သလောက်ဖြစ်ပြီး အမှန်တကယ်သုံးတဲ့ ယူနစ်အတိုင်း မှန်မှန်ကန်ကန် တက်မှုသိပ်မရှိပါဘူး။ ထို့အပြင် ထိုမီတာများဟာ နှစ်ကာလကြာရှည်လာလို့ရှိရင် အတွင်းမှာရှိတဲ့ ပင်နယံအစိတ်အပိုင်းများ ချို့ယွင်းအားနည်း သွားတဲ့အခါကျလို့ရှိရင် မီတာရဲ့လည်ပတ်မှုဟာ နှေးလာပြီး မိမိတို့ သုံးစွဲနေတဲ့ ယူနစ်အတိုင်း မီတာမှာ အမှန်တကယ်သုံးစွဲမှု အမှန်တကယ်မီတာ ယူနစ်တက်မှုများ ဖြစ်ပေါ်လာခြင်း မရှိတော့ပါဘူး။

ထိုအခါကျလို့ရှိရင် တကယ်လျှပ်စစ်ကို သုံးစွဲနေသော်လည်းပဲ မီတာခ ပေးဆောင်ရမှုဟာ သုံးစွဲသလောက် ပေးဆောင်ရမှု၊ ကျသင့်မှု မဖြစ်ပေါ်တော့ပါဘူး။ ယခုတပ်ဆင် အသုံးပြုသော OMR Digital Meter များရဲ့ တိကျမှန်ကန်မှု အဆင့်အတန်းဟာ ၀.၅ (Class 0.5) အဆင့်အတန်းများ ဖြစ်လာပါ တယ်။ မီတာများကို တည်ဆောက်ထားတာဟာ

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ OMR Digital Meter များကို တည်ဆောက်ထားတာဟာ Electronic ပစ္စည်းများဖြင့် တည်ဆောက်ထားတာဖြစ်ပြီး မီတာရဲ့ ယူနစ်ကို တွက်ချက်မှုဟာ ကွန်ပျူတာပရိုဂရမ်စနစ်နဲ့ တွက်ချက်တဲ့ မီတာယူနစ်များကို မီတာတွက်ချက်မှုစနစ်ကို ကျင့်သုံးလာတာဖြစ်ပါတယ်။ ထိုမီတာများဟာ သုံးစွဲသူက (၁၀၀၀) ဝပ် ရှိတဲ့ လျှပ်စစ်ပစ္စည်းကို တစ်နာရီကြာ သုံးစွဲရင် မီတာတစ်ယူနစ်တက်တာကို မှန်ကန်ကြောင်းဆိုတာကို တိကျမှန်ကန်အောင် စမ်းသပ်ထားတဲ့ မီတာများလည်း ဖြစ်ပါတယ်။ ထို့အပြင် Digital Meter များဟာ (5) ဝပ်ခန့်သာရှိတဲ့ အလွန်နည်းတဲ့ လျှပ်စစ်ပစ္စည်းကို သုံးစွဲနေသည့်တိုင် မီတာကို မှန်ကန်အောင် တက်လာပါတယ်။ ဒါကြောင့် အရင် Analog Meter များမှာ ယူနစ်မတက်တဲ့ကိစ္စဟာ Digital Meter များမှာ ယူနစ်တက်လာတာ ဖြစ်ပါတယ်။ ထို့အပြင် ဗို့အားကျဆင်းတဲ့အချိန်မှာ Analog Meter များမှာ မီတာယူနစ်မတက်သော်လည်း Digital မီတာများမှာ အဝင်ဗို့အားဟာ (၁၅၀)အထိ ကျနေတဲ့ အချိန်မှာတောင်မှ လျှပ်စစ်မီးကို သုံးစွဲသူက သုံးစွဲနေလျှင် သုံးစွဲတဲ့ ပမာဏအမှန်အတိုင်း Digital မီတာမှာ ယူနစ်တွေလာတက်ပါတယ်။

တိုင်ပေါ်မှာသွားပြီး မီတာတွေကို တပ်ရခြင်း အကြောင်းအရင်းကတော့ ယခုခေတ် နောက်ပိုင်းမှာ အိမ်တွေရဲ့ အတွင်းမှာ မီတာတွေကို တပ်ဆင်ထားလို့ရှိရင် မီတာဖတ်ရမယ့်အချိန်မှာ မီတာဖတ်စာရေးအိမ်ကိုလာတဲ့အချိန်မှာ အိမ်ကလူတွေက တစ်အိမ်လုံးအပြင်ကို ထွက်နေတဲ့အချိန်၊ အလုပ်တွေလုပ်နေတဲ့အချိန်၊ ပြည်ပကို ခရီးသွားနေတယ်။ ရက်ကြာရှည်သွားနေလို့ရှိရင် ထိုမီတာများကို ဘယ်လိုမှ အိမ်ထဲမှာ တပ်ထားတဲ့အခါမှာ မီတာဖတ်စာရေးက ဝင်ရောက်ဖတ်နိုင်ခွင့် မရတော့ပါဘူး။ အခက်အခဲတွေ အများကြီး ဖြစ်လာပါတယ်။ ထို့အတွက်ကြောင့် တိုင်တွေပေါ်မှာ တပ်ဆင်ထားပြီး တိုင်ပေါ်မှာ တပ်ထားတဲ့မီတာတွေကို အမြင့်မှာတပ်ထားတဲ့ မီတာတွေကို မီတာဖတ်စာရေးက အဲဒီတိုင်ရဲ့ အောက်ခြေကနေပြီးတော့ပဲ Remote ဖတ်တဲ့စနစ်နဲ့ သူကဖတ်ယူရတာမျိုး ဖြစ်သွားပါတယ်။ ဒါကြောင့် အိမ်ထဲမှာ တပ်ထားတဲ့ အခြေအနေကနေ တိုင်ပေါ်ကို ပြောင်းရတာဟာ တံခါးတွေကိုပိတ်၊ ခြံတွေကိုပိတ်ထားလို့ ရှိရင် မီတာကို ဖတ်နိုင်ခွင့် အခက်အခဲကို ဖြေရှင်းသွားတာ ဖြစ်ပါတယ်။ ထိုသို့ Remote နဲ့ ဖတ်ထားတဲ့ ယူနစ်တွေကိုမှ ကွန်ပျူတာထဲကို တိုက်ရိုက် လက်ကိုင်စနစ်ကနေပြီးတော့ Data Transfer လုပ်ပြီး တော့ မီတာခတွေကို တွက်ချက်တာ ဖြစ်ပါတယ်။ ဒါကြောင့် Digital Meter များကို ပြောင်းလဲသုံးစွဲတဲ့အခါမှာ သုံးစွဲသူရဲ့ အမှန်သုံးစွဲတဲ့ ယူနစ်အတိုင်း တိကျစွာတက်လာတဲ့ အခါမှာ Analog Meter ထက်ပိုပြီးကျသင့်ငွေတွေ ပိုမိုဖြစ်ပေါ်လာတာကို တွေ့ရှိလာကြရတာ ဖြစ်ပါတယ်။

လက်ရှိ အိမ်နီးနားချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနဲ့ ကျွန်တော်တို့ တစ်ပြေးညီဆောင်ရွက်ဖို့ရာလည်း အခြားနိုင်ငံထဲမှာလည်း ဒီလိုအလားတူစနစ်တွေ ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးသိတဲ့ ဓာတ်အားပျောက်ဆုံးမှုများပြားတယ်ဆိုတာကို လျှော့နည်းဖို့ဆောင်ရွက်ရာမှာလည်း ဒီ Digital Meter များကို တပ်ဆင်ဆောင်ရွက်တာဟာ နည်းစနစ်တစ်ခုအရ ဆောင်ရွက်တာဖြစ်ပါတယ်။ ထို Digital Meter စနစ်ကို ပြောင်းလဲတပ်ဆင်တဲ့ စတင်တဲ့ကာလမှာ လုပ်ငန်းလုပ်ကိုင်ခွင့်ရတဲ့ ကုမ္ပဏီတွေဘက်က ဒီ လုပ်ငန်းများကို လျင်မြန်စွာ ပြီးစီးရေးကို ဆောင်ရွက်တဲ့အခါမှာ လွဲမှားမှုအချို့ရှိခဲ့တာ ဖြစ်ပါတယ်။

ထို့အပြင် Analog Meter များ တပ်ဆင်စဉ်ကထက် မီတာခပိုဆောင်ရတာကို Complain တက်လာတဲ့ ဟာတွေလည်း ဌာနကိုတက်လာတာတွေလည်းရှိပါတယ်။ ဒီအတွက်ကြောင့်မို့လို့ မီတာတွေကို Analog မှ Digital သို့ ပြောင်းပြီးတပ်ဆင်တဲ့အချိန်မှာ အိမ်မှာလူမရှိတဲ့အိမ်တွေ ဖြစ်နေခဲ့လို့ရှိရင် ကျွန်တော်တို့က တိုင်တွေပေါ်မှာတော့ Digital ကို တပ်လိုက်နိုင်တယ်။ အိမ်ထဲမှာ Analog ကိုတပ်ထားတဲ့ မီတာယူနစ်က ကြိုးတွေကို ပြောင်းဆက်ဖို့ ကျွန်တော်တို့ အခက်အခဲ ဖြစ်သွားခဲ့ပါတယ်။ ထို့အပြင် Analog Meter ပေါ်မှာ သုံးထားတဲ့ယူနစ်က ဘယ်လောက်လဲ။ ဒါကို ကျွန်တော်တို့ ဝင်ဖတ်နိုင်ဖို့ မဖြစ်နိုင်တဲ့အခြေအနေတွေ ရှိခဲ့ပါတယ်။ ဒီအတွက်ကြောင့် ယူနစ်တွေ ကွာဟခြင်းတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီအတွက် အဲဒီပြဿနာတွေကို ပြေလည်အောင်ဆိုပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာ ဌာနကနေပြီးတော့ဝင်ပြီး ကုမ္ပဏီနဲ့အတူ ကြီးကြပ်ပြီး ဒီကိစ္စရပ်တွေကို ပြန်လည်ဖြေရှင်း ဆောင်ရွက် ထားတာရှိပါတယ်။ လုံခြုံရေးမီးများကိုပဲ ထွန်းထားပြီးတော့ခြံနဲ့ အိမ်တွေကို ပိတ်ထားတဲ့ မီတာတွေထဲမှာ ပြန်ပြီးဖြုတ်သိမ်းရမယ့် Analog Meter အဟောင်းတွေနဲ့ ယူနစ်လက်ကျန်တွေကိုလည်း ကျွန်တော်တို့ သက်ဆိုင်ရာ အိမ်ရှင်များနဲ့ ဆက်သွယ်ပြီးတော့ ဒါ ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။ အိမ်အများစုက ဝယ်ထားပြီး ပိတ်ထားတဲ့ အိမ်တွေဆိုရင် ကျွန်တော်တို့ ဒီဟာကို တော်တော်အချိန်ယူပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ဝန်ကြီးဌာနအနေနဲ့ လွဲမှားမှုများ ထပ်မံမပေါ်ပေါက်စေရန်လည်း ကြီးကြပ်ဆောင်ရွက်လျက်ရှိ ပါတယ် ဆိုတာကိုလည်း တင်ပြလိုပါတယ်။ မီတာလဲလှယ်ခြင်းလုပ်ငန်းတွေကို တစ်နေ့တာ ဆောင်ရွက် ပြီးတာနဲ့ အဲဒီ သက်ဆိုင်ရာမူလ Analog Meter နဲ့ အသစ်လဲတဲ့ Digital မီတာတွေကို ကျွန်တော်တို့ Register တွေ၊ ဒီအိမ်ရှင် ဘယ်သူရဲ့ဟာဆိုတာကို Register တွေ ပေးသွင်းရာမှာ ကိုက်ညီအောင် လည်း ကျွန်တော်တို့ စိစစ်ကြီးကြပ် ဆောင်ရွက်လျက်ရှိပါတယ်။ ယခင် လုပ်ငန်းအားနည်းချက်များကြောင့် ပြည်သူများထံက တင်ပြလာတဲ့ကိစ္စတွေကိုလည်း ကျေလည်အောင် ကြိုးစားဖြေရှင်းပေးလျက် ရှိပါတယ်။ မရှင်းလင်းမှုများရှိပါကလည်း ကျွန်တော်တို့ သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများနဲ့ Call Center များကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနဲ့ ဌာနကလည်းပဲ တစ်ပြေးညီ အချိန်နှင့် တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးချစ်ထွေး မေးမြန်းသည့် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့တွင် ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ခွင့်ရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် RE တွင် လျာထား ဆောင်ရွက်ပေးရန် သို့မဟုတ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လက်ရှိတွင် မြို့သစ်မြို့နှင့် နတ်မောက်မြို့များသို့ ဓာတ်အားရရှိရေးအတွက် တောင်တွင်းကြီး၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံမှာရှိတဲ့ ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထရန်စဖော်မာမှ ၁၁ ကေဗွီ ဓာတ်အားလိုင်း အရှည်(၂၈)မိုင် တည်ဆောက်ကာ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ၁၁ ကေဗွီဓာတ်အားလိုင်းရဲ့ အရှည်ဟာ (၂၈)မိုင်အထိ ရှည်လျားတဲ့အတွက်ကြောင့် ဗို့အားကျဆင်းလျက်ရှိပါတယ်။ နှစ်စဉ် မီးသုံးသူ ဦးရေဟာလည်း အဆိုပါဓာတ်အားလိုင်းပေါ်မှာ တစ်နေ့တခြား တိုးပွားလာတာ ဖြစ်တဲ့အတွက်ကြောင့် အဆိုပါဓာတ်အားလိုင်းကနေပြီးတော့ မီးရယူထားတဲ့မြို့တွေမှာ ဗို့အားကျဆင်းခြင်းနဲ့ ဓာတ်အား

ပျောက်ဆုံးမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ အဆိုပါကိစ္စရပ်များကို ပြေလည်တိုးတက်ကောင်းမွန်လာရန်အတွက် ဘတ်ဂျက်ရရှိမှု အခြေအနေပေါ်မူတည်ပြီး ဓာတ်အားခွဲရုံများနဲ့ ဓာတ်အားလိုင်းများကို တိုးချဲ့တည်ဆောက်ခြင်းများကိုလည်း အကောင်အထည်ဖော်လျက်ရှိပါတယ်။

အဆိုပါ မြို့သစ်မြို့နှင့် နတ်မောက်မြို့များအား ဓာတ်အားစနစ်ကောင်းမွန်စွာဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် တောင်တွင်းကြီး ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ၆၆ ကေဗွီ လိုင်းအသစ်(၁၇.၅)မိုင်ခန့် ထပ်မံသွယ်တန်းကာ မြို့သစ်မြို့နယ်၊ တလုပ်ပင်ကျေးရွာအုပ်စု၊ ကန်ကြီးကျေးရွာအနီးမှာ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ (၁)ရုံ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေ ရရှိရန် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၃၆၀၃)သန်းကို ထည့်သွင်းလျာထား တောင်းခံပေးသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ဘတ်ဂျက်လျာထား တောင်းခံငွေ ရရှိမည်ဆိုပါက မြို့သစ်မြို့နဲ့ နတ်မောက်မြို့များမှာ ဗို့အား ပြည့်ဝစွာ ရရှိလာနိုင်မှာဖြစ်ပြီး ဓာတ်အားမရရှိသေးသော အနီးအနားမှာရှိတဲ့ ကျေးရွာများသို့လည်း ဆက်လက် ဓာတ်အားတိုးချဲ့ ဖြန့်ဖြူးပေးသွားနိုင်ရန် မိမိတို့ဝန်ကြီးဌာနက ကြိုးစားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လိုရင်း၊ လိုရင်းမေး။

**ဦးလှဆန်း ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေစက်ရုံတွေတောင်မှ မြင်းခေါင်းတို့၊ မြင်းပျံ၊ ကြံ့၊ ကြံ့နှစ်ကောင်၊ ကျားခေါင်း၊ မြန်မာဆင်၊ AAA၊ အယ်လ်ဖာ၊ မက်စ်၊ ကရောင်း(crown)၊ (KBZ)ကမ္ဘောဇ အပါချီ ဘိလပ်မြေ ....

**ဥက္ကဋ္ဌ**။ ။ မေးတော့ ဓာတ်မြေဩဇာအတွက်၊ ဘယ်လိုဖြစ်လို့ ဘိလပ်မြေ...။

**ဦးလှဆန်း ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ အယ်လ်ဖာဆို တစ်နေ့တန်(၇)သိန်းပါခင်ဗျ။ ထုတ်နေတဲ့အခါမှာ ကျွန်တော်တို့မှာ တစ်နှစ်လုံးမှ တန်(၂၅၀၀၀)ပဲ ထုတ်နိုင်ပါတယ် ဆိုတော့ ကျွန်တော်တို့ တိုင်းပြည်အတွက်ကို နောက်နောင်များ စီမံကိန်းများရေးဆွဲပြီးတော့ ချမှတ်ဖို့ ကျွန်တော် ကတိတော့မတောင်းပါဘူးခင်ဗျ။ သိရှိဖို့ တင်ပြပါရစေခင်ဗျား။

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စောစောက ကျွန်တော် ဖြေကြားသွားတဲ့အထဲမှာ တန်(၂၅၀၀၀)ဆိုတာ လက်ရှိကာလမှာကို ကျွန်တော်တို့တိုင်းနှင့်ပြည်နယ်တွေကနေပြီးတော့ ဓာတ်မြေဩဇာလိုအပ်ချက်ရှိလို့ လာရောက်ဆက်သွယ် ဝယ်ယူမယ်ဆိုရင် လက်ရှိမှာကို ကျွန်တော်တို့လက်ဝယ်ကို Stock ရှိနေတဲ့ ပမာဏကို ဖြေကြားခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဒါတစ်ချက်လေးပြန်လည်ရှင်းလင်းတာဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ကျွန်တော်တို့နိုင်ငံပိုင် ဓာတ်မြေဩဇာစက်ရုံများက ထုတ်လုပ်နိုင်တဲ့ပမာဏဟာ ပြည်တွင်းသုံးစွဲမှု လိုအပ်ချက် ပမာဏကို ရာနှုန်းပြည့် မပြည့်မီနိုင်သည် ဆိုသည့်တိုင်အောင် နိုင်ငံသားလုပ်ငန်းရှင်များက သော်လည်းကောင်း၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများကသော်လည်းကောင်း၊ ပြည်တွင်းဓာတ်မြေဩဇာ လိုအပ်ချက်အတွက်ကို

လွတ်လွတ်လပ်လပ်သွင်းပြီးတော့၊ တင်သွင်းပြီးတော့ ဖြည့်ဆည်းရောင်းချပေးနိုင်ဖို့ ခွင့်ပြုချက်များ ထုတ်ပေးထားတယ်ဆိုတာကိုလည်း ကနဦး ဖြေကြားချက်မှာ ပါရှိပါတယ်ခင်ဗျား။

ဒီအတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံပိုင်အစိုးရစက်ရုံများက ထုတ်လုပ်ပေးတဲ့ ဓာတ်မြေသြဇာ အပြင် ပြည်ပမှ တင်သွင်းတဲ့ဓာတ်မြေသြဇာများကြောင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ရေရှည်မှာ ကျွန်တော်တို့ နိုင်ငံပိုင် အစိုးရစက်ရုံများက ဓာတ်မြေသြဇာကို ယခုထက် ပိုမိုတိုးတက်ထုတ်လုပ်ပေးနိုင်ဖို့ဆိုရင် အဓိကလိုအပ်ချက်ဟာ သဘာဝ ဓာတ်ငွေ့ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းရဲ့ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ယနေ့ထက် ပိုမိုတိုးတက် လာတဲ့အချိန်မှာ လက်ရှိ ဓာတ်မြေသြဇာစက်ရုံများကနေပြီးတော့လည်း ယနေ့ထက်ပိုမို ထုတ်လုပ်နိုင်မှာ အပြင် နောင်ကို ထပ်မံပြီးတော့ ဓာတ်မြေသြဇာ ထုတ်လုပ်တဲ့ပမာဏ တိုးတက်လာနိုင်အောင်လည်း ကျွန်တော်တို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ကြိုးစားစီစဉ်ဆောင်ရွက်ပေးမှာ ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေး အပ်သောကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ဥပဒေ ဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်ပါစေလို့ ကျွန်မ ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ ဥပဒေဘာသာပြန် ကော်မရှင်ကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင် ခံစာကို ကျွန်မ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီဝင် ဒေါ်ကျိန်ငိုက်မန် မှ တင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၆ -၃၄၀
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊အောက်တိုဘာလ ၅ ရက်

၁။ ပြည်သူ့လွှတ်တော်က ၂-၉-၂၀၁၆ ရက်နေ့တွင် ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ သဘောတူ အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ပညာရှင်တို့နှင့် ၅-၁၀-၂၀၁၆ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသည် ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

(က) သင့်လျော်သော အရေအတွက် ရရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂ တွင် ဖော်ပြထားသော ပုဒ်မ ၄ ကို အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ် -

"၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုရှေ့နေချုပ် | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်းပေးသူတစ်ဦး | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုရှေ့နေချုပ်က အမည်စာရင်းပေးသူတစ်ဦး | အဖွဲ့ဝင် |
| (ဃ) | တရားလွှတ်တော်ရှေ့နေ လုပ်သက် တစ်ဆယ်နှစ်နှင့်အထက်ရှိသူနှစ်ဦး | အဖွဲ့ဝင် |
| (င) | တက္ကသိုလ်၊ ကောလိပ် အင်္ဂလိပ်စာဌာန များမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစားပါမောက္ခ၊ ကထိကတစ်ဦး | အဖွဲ့ဝင် |
| (စ) | တက္ကသိုလ်၊ ကောလိပ်ဥပဒေပညာဌာန များမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစားပါမောက္ခ၊ ကထိကနှစ်ဦး | အဖွဲ့ဝင် |

(ဆ) မြန်မာစာဌာနမှ အငြိမ်းစားပါမောက္ခ နှစ်ဦး အဖွဲ့ဝင်

(ဇ) ညွှန်ကြားရေးမှူးချုပ်၊ အတွင်းရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဈ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး”

(ခ) အထက်အပိုဒ် (က)ပါ ကော်မရှင်လုပ်ငန်းတွင် အချိုးအစားများ မျှတမှုရှိစေရန် အတွက် မူလဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသော ကော်မရှင် အဖွဲ့ဝင် ငါးဦးနှင့် ဆိုသည့် စကားရပ်ကို ကော်မရှင်အဖွဲ့ဝင် သုံးဦးနှင့် ဆိုသည့်စကားရပ်ဖြင့် လည်း ကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)နှင့် (ခ)တို့သည် မူလဥပဒေပုဒ်မ ၁၃ တွင် ပြဋ္ဌာန်းထားချက်များနှင့် ညီညွတ်မှု မရှိသည့်အတွက် ပုဒ်မ ၁၂ ကို မူလအတိုင်းသာ ထားရှိသင့်ကြောင်း ညှိနှိုင်းသဘော တူညီမှုရရှိခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ယနေ့ ၁၆း၀၀ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး နေမျိုးကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဗိုလ်မှူးနေမျိုးကျော်၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနေမျိုးကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက တင်သွင်းသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကမ္ဘာပေါ်မှာ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းနှင့် ခရီးသွားပြည်သူများ ပို့ဆောင်ခြင်းများအတွက် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း စသည့် ပို့ဆောင်ရေးနည်းလမ်းများစွာကို အမျိုးမျိုးအသုံးပြုနေကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ထိုသို့ ပို့ဆောင်ရေးလုပ်ငန်းများ အသုံးပြုရာတွင် ပို့ဆောင်ရေးလုပ်ငန်းများအလိုက် ကုန်ပစ္စည်းသယ်ဆောင်နိုင်မှုနှင့် ပို့ဆောင်ရေးစရိတ်ကုန်ကျမှုများ ကွာခြားသည်ကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းသည်ကုန်ပစ္စည်းမြောက်မြားစွာအား ကုန်ကျစရိတ်အနည်းဆုံးဖြင့် ပို့ဆောင်နိုင်သည့် စီးပွားရေးတွက်ခြေကိုက်သော လုပ်ငန်းဖြစ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ယေဘုယျအားဖြင့် ကုန်ပစ္စည်းအလေးချိန်တန်(၁၅၀၀)အား ကုန်းကြောင်းပို့ဆောင်ရေးစနစ်ဖြစ်သော ရထားဖြင့် သယ်ယူမည်ဆိုပါက (၁၅)ခေါက်၊ ကားဖြင့်သယ်ယူမည်ဆိုပါက (၅၇)ခေါက် သယ်ယူရမည်ဖြစ်ပြီး ရေကြောင်းဖြင့် သယ်ယူမည်ဆိုပါက တစ်ကြိမ်တည်းဖြင့် ကုန်ပစ္စည်းအားလုံး သယ်ယူ ပြီးမြောက်နိုင်ပြီး အချိန်တိုတိုဖြင့် အပျက်အစီးအလေအလွင့်နည်းပါးစွာ သယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ကုန်ကျစရိတ်အနေဖြင့်လည်း များစွာ သက်သာမှာဖြစ်ပါတယ်။ ခရီးသည်များ ပို့ဆောင်ရာတွင် အချိန်အနည်းငယ် ကြန့်ကြာသော်လည်း သက်သောင့်သက်သာ စီးနင်းနိုင်ပြီး ကုန်ကျစရိတ် အနည်းဆုံး ပို့ဆောင်ရေးဖြစ်ပါတယ်။

မီးရထား၊ ကား ပို့ဆောင်ရေးအနေဖြင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းထက် အချိန်စောစွာ ရောက်ရှိနိုင်သော်လည်း ရေကြောင်းပို့ဆောင်ရေးထက် ကုန်ချိန်လျှော့၍ သယ်ဆောင်နိုင်ခြင်း၊ ကုန်ကျစရိတ် ပိုမိုများပြားခြင်းကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသာမက ကမ်းရိုးတန်းရေကြောင်းပို့ဆောင်ရေးကိုပါ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ရေကြောင်း

ပို့ဆောင်ရေးဟာ ကုန်ပစ္စည်းများစွာကို ကုန်ကျစရိတ် အနည်းဆုံးဖြင့် သယ်ယူပို့ဆောင်နိုင်သော အားသာချက်များကြောင့် ကမ္ဘာ့နိုင်ငံများဟာ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို တွင်ကျယ်စွာ အသုံးပြု လျက်ရှိပြီး ကုန်စည်ပို့ဆောင်မှုရဲ့ အဓိကပို့ဆောင်ရေးလုပ်ငန်းလို့ပြောလျှင် မှားနိုင်မည် မဟုတ်ဟု ဆိုနိုင် ပါတယ်။

သို့သော် ကျွန်တော်တို့အနေနှင့် ကုန်ကျစရိတ်သက်သာမှုတစ်ခုတည်းကိုသာ ကြည့်၍ သယ်ယူ ပို့ဆောင်ခြင်းကို ဆောင်ရွက်၍မရနိုင်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ကုန်ပစ္စည်းများသယ်ယူ ပို့ဆောင်ရာမှာ ပို့ဆောင်မည့်ပစ္စည်းများ၏ လုံခြုံစိတ်ချရမှု၊ ခရီးသွားပြည်သူလူထု၏ အသက်လုံခြုံမှု၊ အချိန်မှန် ထွက်ခွာမှုနှင့် သတ်မှတ်ထားသောအချိန်တွင် ရောက်ရှိနိုင်မှု အစရှိသည့် အချက်များကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ လက်ရှိအချိန်တွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် အသုံးပြုနေသောရေယာဉ်များမှာ လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်မှ တည်ဆောက်ခဲ့သောရေယာဉ်များ ဖြစ်ပြီး ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်မှုများ အားနည်းနေသဖြင့် လုံခြုံစိတ်ချရမှု အားနည်းနေသော အခြေအနေသို့ရောက်ရှိနေသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။

ထိုကဲ့သို့သော ရေယာဉ်များကို အသုံးပြုနေရသဖြင့် ခရီးသွားပြည်သူအများစုမှာ ရေယာဉ် အသုံးပြုမှုအပေါ်စိတ်ချယုံကြည်မှုလျော့နည်းလာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဆိုပါရေယာဉ်များဖြင့် လိုက်ပါစီးနင်းမည့် ခရီးသွားပြည်သူများဟာလည်း မိမိတို့ရဲ့ အသက်လုံခြုံမှုအတွက် စိုးရိမ်မှုများလည်း ရှိလာနိုင်ကြပါတယ်။ ခရီးစဉ်များအနေဖြင့် ထွက်ခွာချိန်နောက်ကျခြင်းများ၊ ခရီးစဉ်ရွှေ့ဆိုင်းခြင်းများ လည်း အခါအားလျော်စွာဖြစ်ပေါ်လာခဲ့သဖြင့် အသုံးပြုမည့်ခရီးသွားပြည်သူလူထုအနေဖြင့် ရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းအား အသုံးပြုမှုလျော့နည်းလာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခရီးသွား ပြည်သူများအနေဖြင့် မိမိတို့၏ အသက် လုံခြုံမှု၊ ကုန်ပစ္စည်းလုံခြုံမှု၊ စိတ်မချရခြင်းများနှင့် ခရီးသွားချိန် တိကျမှုများမရှိသဖြင့် ပိုမိုလုံခြုံစိတ်ချ ရသော အခြားပို့ဆောင်ရေးလုပ်ငန်းများကိုသာ ပြောင်းလဲ သုံးစွဲကြသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ ထိုကဲ့သို့ ပြောင်းလဲအသုံးပြုမှုများကြောင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းမှ ရေယာဉ်သုံးစွဲမှု လျော့နည်း လာပြီး ဝင်ငွေရရှိမှု လျော့နည်းလာကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဝင်ငွေ လျော့နည်းလာသဖြင့် ရေယာဉ်များ ပြုပြင်ထိန်းသိမ်းနိုင်ခြင်းမရှိတော့ဘဲ ရေယာဉ်များ၏ လုံခြုံစိတ်ချရမှု အားနည်းလာပြီး အဆိုးသံသရာလည်ပတ်၍ အရှုံးပေါ်လာခဲ့သည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ တကယ်တော့ ရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းသည် ကုန်ပစ္စည်းသယ်ယူမှုနှင့် ခရီးစရိတ်မှာ အသက်သာဆုံးလုပ်ငန်း ဖြစ်ပါတယ်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းသည် ခရီးသွားပြည်သူ၏ဘဝနှင့် ကုန်ပစ္စည်းလုံခြုံမှု၊ အချိန်မှန်ပို့ဆောင်နိုင်မှု အားနည်းချက်များကြောင့် ပြည်သူလူထုအများစု အားကိုးယုံကြည်မှု နည်းပါး၍ ပြည်သူများ အသုံးပြုမှု လျော့နည်းလာခြင်းဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာတွင်လည်း နိုင်ငံတော်၏ စီးပွားရေး လုပ်ငန်းများကို ကော်ပိုရေးရှင်းပုံစံဖြင့် ဆောင်ရွက်လျက်ရှိပါသော်လည်း ယခုတင်ပြသည့် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေသည် အားနည်းချက်များရှိပြီး ဥပဒေနှင့်အညီဆောင်ရွက်နိုင်မှု အားနည်းချက်များကြောင့် ဥပဒေကိုရုပ်သိမ်းပြီး ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအနေဖြင့် ရေကြောင်း

ပို့ဆောင်ရေးလုပ်ငန်းအား ပြန်လည်တာဝန်ယူမည်ဆိုပါက ရေယာဉ်များ ပြင်ဆင်ရေးအား ဦးစားပေး အနေဖြင့် ဦးစွာဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထို့အပြင် ခရီးစဉ်ထွက်ခွာမှု၊ ဆိုက်ရောက်မှုများအား အချိန်မှန်ပြုလုပ်နိုင်ရန် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များဖြင့် စနစ်တကျစီမံ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ထို့မှမက ခရီးစဉ်အတွင်းလိုက်ပါလာသော ခရီးသွားပြည်သူများလုံခြုံရေးနှင့် သယ်ဆောင် လာသော ကုန်ပစ္စည်းများအတွက် အာမခံနိုင်သော၊ ဘေးအန္တရာယ်ကင်းရှင်းသော ခရီးစဉ်များ ဆောင်ရွက်ပေးမှသာ ပြည်သူလူထုမှ ယုံကြည်စိတ်ချလာမှာ၊ ပြန်လည်အားကိုး အသုံးပြုလာကြမှာ ဖြစ်ပါတယ်။ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းအနေဖြင့် ပို့ဆောင်ရေးစရိတ်များအား ပုဂ္ဂလိက ပို့ဆောင် ရေးလုပ်ငန်းများကဲ့သို့ အမြတ်အစွန်းရရှိရေးကို ဦးစားမပေးဘဲ အများပြည်သူသုံးစွဲ နိုင်သော၊ သင့်တင့် မျှတသော၊ ယာဉ်စီးခနှုန်းထားများ၊ ကုန်ပစ္စည်းသယ်ယူစရိတ်များ သတ်မှတ်နိုင်မှသာ ပြည်သူ အများစုက အသုံးပြုကြမှာဖြစ်ပါတယ်။ ထိုသို့ ပြည်သူအများစုအသုံးပြုလာခြင်းဖြင့် ကုန်ပစ္စည်းစီးဆင်းမှုများ လျင်မြန်သွက်လက်လာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းရာတွင်လည်း အရေးပါသော အချက်တစ်ချက် ဖြစ်လိမ့်မည်ဟု ယုံကြည်ပါတယ်ခင်ဗျား။

ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို စနစ်တကျ ပြန်လည် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လိုအပ်သောဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပေးပြီး အမှန်တကယ်လိုက်နာနိုင်အောင် ကြပ်မတ်ဆောင်ရွက်ခြင်း၊ စနစ်တကျလည်ပတ်နိုင်အောင်ဆောင်ရွက်ခြင်းများကို လျင်မြန်စွာ ဆောင်ရွက် သင့်ပါတယ်။ သို့မှသာ နိုင်ငံတော်မှ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို အရှုံးခံဆောင်ရွက်နေမှုမှ လွတ်ကင်းမည်ဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့်လည်း လိုငွေပြဘတ်ဂျက်ဖြင့် ဆောင်ရွက်နေခြင်း ဖြစ်သဖြင့် အောင်မြင်နိုင်သောလုပ်ငန်းများကို ဦးစားပေးပြုပြင်မှသာ လိုငွေပြဘတ်ဂျက်မှ လွတ်ကင်း မှာဖြစ်ပါတယ်။ ဥပမာအနေဖြင့် မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းသည် ကမ်းရိုးတန်းနေပြည်သူများ သွားလာမှု လွယ်ကူစေရေး၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ သက်သက်သာသာဖြင့် ပို့ဆောင်နိုင်ရေးအတွက် ရည်ရွယ်ပြီး ကမ်းရိုးတန်းသွား သင်္ဘောများဖြင့် သယ်ယူပို့ဆောင်ပေးခဲ့ပါတယ်။

မြန်မာ့ကြယ်ငါးပွင့်ပိုင် မြစ်ကြီးနားနှင့် တောင်ကြီးသင်္ဘောနှစ်စင်းဟာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ (၆)နှစ်တာကာလအတွင်း ခရီးစဉ်(၆၆)ခေါက် ပြေးဆွဲ ခဲ့ပြီး (၇)ခေါက်သာ အမြတ်ရရှိခဲ့ကြောင်း သိရှိရပါတယ်။ အရှုံးအမြတ်အနေဖြင့် (၅)နှစ်တာကာလ အတွင်း မြစ်ကြီးနားသင်္ဘောအနေဖြင့် အရှုံးငွေပမာဏ(၈၆၄.၇)သန်းနှင့် တောင်ကြီးသင်္ဘောအနေဖြင့် (၈၀၀.၈)သန်း၊ စုစုပေါင်း(၁၆၆၅.၅)သန်း အရှုံးပေါ်ခဲ့ကြောင်း သိရှိရပါတယ်။ ထိုသို့ အရှုံးခံပြီး ဆောင်ရွက်ပေးနေခြင်းသည် တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ပြီး အမြတ်အစွန်းအဓိကမထားဘဲ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ အထက်ပါ တင်ပြခဲ့သောလုပ်ငန်းများအား ပြန်လည်ကြီးကြပ် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော် အနေဖြင့် လိုငွေပြဘတ်ဂျက် နည်းသွားမည်ဖြစ်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါသဖြင့် ပြည်တွင်း ရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ထောက်ခံအပ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးသည့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးနေမျိုးကျော် က ရုပ်သိမ်းသင့်ကြောင်း ထောက်ခံဆွေးနွေးသွားတဲ့အတွက် ဥပဒေကြမ်းကို အတည်ပြုနိုင်ရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို တစ်ဆက်တည်း ရယူသွားမှာဖြစ် ပါတယ်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး အဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အတည်ပြုရန်အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ ၊ နည်းဥပဒေခွဲ(က)အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန )**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ် ပါတယ်ခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးမှ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာအဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၅)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ ကျေလည်စွာ ရှင်းလင်းတင်ပြပြီးဖြစ်တဲ့အပြင် ဥပဒေကြမ်းကော်မတီကလည်း လေ့လာသုံးသပ် အစီရင်ခံခဲ့ပြီးဖြစ်ပါသဖြင့် ဤရုပ်သိမ်းရန်အဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်မြတ်သီတာထွန်း အနေနဲ့ လေးနက်စွာထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုရန် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် အတည်ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၂၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေး အပ်သောကော်မတီဝင်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၁) ဖြစ်ပါတယ်။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဦးဇော်မင်း (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် တကွအားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ် (၆)နယ်မြေက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ ဥက္ကဋ္ဌဦးဇော်မင်း ဖြစ်ပါတယ်ခင်ဗျား။ ဒီနေ့ ကျွန်တော် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် မှာစိစစ်တင်ပြတဲ့ အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်**
**ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ - ၁) ၁ / ၂၀၁၆-၃၃၂
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊အောက်တိုဘာလ ၄ ရက်

၁။ ပြည်သူ့လွှတ်တော်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယ အကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ၁၉-၉-၂၀၁၆ ရက်နေ့က ပြင်ဆင်ချက်များနှင့် အတည်ပြုခဲ့ပြီးတော့ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါတယ်။ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ စစ်ကိုင်းတိုင်း ဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)က ဦးလှဦး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) က ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)က ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)က ဦးမျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဦးဌေးဦး၊ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇောနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်မိုး စုစုပေါင်း (၉)ဦး ရှိပါတယ်။ (၉)ဦးဟာ ၂၆-၉-၂၀၁၆ ရက်နေ့နှင့် ၂၇-၉-၂၀၁၆ ရက်နေ့များမှာ အကြံပြုဆွေးနွေးခဲ့ကြပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ စောစောက တင်ပြသွားတဲ့ အကြံပြုဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်များ အပါအဝင် ပြည်သူ့လွှတ်တော်၊

ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်က ပညာရှင်များနှင့်အတူ ၂၇-၉-၂၀၁၆ ရက်နေ့က ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဖြစ်ပါတယ်။

**လေ့လာတွေ့ရှိချက် များကို ဆက်လက်တင်ပြပါမယ်။**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ရဲ့ ကွဲလွဲချက်များကို လေ့လာစိစစ်ရာမှာ -

(က) အမျိုးသားလွှတ်တော်က အတည်ပြုခဲ့တဲ့ မူလဥပဒေကြမ်း ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ)ပါ ပညာအရည်အချင်း သတ်မှတ်ချက်ဆိုတာကို ပယ်ဖျက်ထားခဲ့ပြီးတော့ ပြည်သူ့လွှတ်တော်က မူလအတိုင်းပြန်လည်လက်ခံခဲ့ပါတယ်။ သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်း ဆိုတဲ့စကားရပ်ကို ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ ပယ်ဖျက်ထားခဲ့ခြင်းမှာ လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ရာမှာပင်လျှင် ပညာအရည်အချင်း သတ်မှတ်ထားမှု မရှိတဲ့အတွက် မူလဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ယေဘုယျ သဘောသာ ဖြစ်နေတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် အတိုင်းသာလျှင် ဆက်လက်ထားရှိသင့်ပါကြောင်း သဘောတူညှိနှိုင်းခဲ့ကြပါတယ်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း ပုဒ်မ ၅၊ ပုဒ်မခွဲ (င)ရဲ့ ခြွင်းချက် တွင်ဖော်ပြထားသော ကာလကို လျှော့ပေါ့စဉ်းစားနိုင်သည့် ယေဘုယျပြဋ္ဌာန်းချက် သည် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေသဘောအရ တိကျမှုမရှိ တဲ့အတွက် အောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူ ဆွေးနွေးခဲ့ ကြပါတယ်-

ခြွင်းချက်။ ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း (၂) နှစ် နေထိုင်သူကို ထည့်သွင်း စဉ်းစားနိုင်သည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ပုဒ်မ ၇၊ ပုဒ်မခွဲ (က)မှာ ဆယ်အိမ်မှူးနှင့် ရာအိမ်မှူးများဖွဲ့စည်းရာ၌ ဖွဲ့စည်းရမည် ဟူသော စကားရပ်အစား စုစည်းရမည်ဟု ပြင်ဆင်ထားခြင်းသာဖြစ်ပါတယ်။ တစ်ဆက်တစ်စပ်တည်းရှိပြီးဖြစ်သော နေအိမ်များ အား ဤဥပဒေပါဆောင်ရွက်ရန်ကိစ္စအလို့ငှာ သတ်မှတ်ဖွဲ့စည်းရမှာ ဖြစ်တဲ့အတွက် ဖွဲ့စည်းရမည်ဟုသုံးစွဲခြင်းသည်သာလျှင် ဥပဒေရေးထုံးနှင့်ကိုက်ညီသဖြင့် အမျိုးသား လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ကြောင်း သဘောတူ ညှိနှိုင်းရရှိခဲ့ပါတယ်။

(ဃ) ပြည်သူ့လွှတ်တော်မှ အသစ်ဖြည့်စွက် အတည်ပြုထားသည့် ပုဒ်မ ၂၊ ပုဒ်မခွဲ (ပ) မှာ အိမ်ထောင်စုကိုယ်စားလှယ်ဆိုသည်ကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီးဖြစ်သည့်အတွက် ပြည်သူ့

လွှတ်တော်က အတည်ပြုခဲ့တဲ့ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသော ဆယ်အိမ်စု အသီးသီးတွင်နေထိုင်ကြသော အိမ်ထောင်ဦးစီး သို့မဟုတ် အသက် (၁၈)နှစ်ပြည့်ပြီးသည့် အိမ်ထောင်စုကိုယ်စားလှယ် ဆိုသည့်စကားရပ်ကို ဆယ်အိမ်စု အသီးသီးတွင် နေထိုင်ကြသော အိမ်ထောင်စုကိုယ်စားလှယ်ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။ ဒီစကားရပ်နဲ့ပတ်သက်လို့ ကျန်ပုဒ်မများမှာလည်း ဥပဒေရေးထုံးအရ အလားတူဆက်ပြီးတော့ ပြင်ဆင်ထားပြီးဖြစ်ပါတယ်။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ပုဒ်မ ၇၊ ပုဒ်မခွဲ (င)မှာ ရွေးချယ်ခြင်း ခံရသော ရာအိမ်မှူးများသည် တစ်ဦးထက်ပိုပါက ထိုသူတို့အား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းအဖြစ် အမည်စာရင်းပြုစုပြီး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ကြေညာရမည်လို့အတည်ပြုထားပါတယ်။ သို့သော် ရာအိမ်မှူး များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အဖြစ် ဝင်ရောက် အရွေးခံရန်ဆန္ဒမရှိသူများကိုချန်လှပ်ထားခဲ့ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုရှင်းလင်းလွယ်ကူစေရန်အတွက် အမျိုးသားလွှတ်တော်မှ အတည်ပြုခဲ့သော ပုဒ်မ ၇(စ)ကို ပုဒ်မ ၇(င)အဖြစ်ပြောင်းလဲ အမှတ်စဉ်ပြီးတော့မှအောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်-

၇။ (င) ရွေးချယ်ခြင်းခံရသည့် ရာအိမ်မှူး တစ်ဦးထက်ပိုပါက ယင်းပုဂ္ဂိုလ်အား -

(၁) ရပ်ကွက်များတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးလောင်းများ အဖြစ်လည်းကောင်း၊ ကျေးရွာအုပ်စုများတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်းများ အဖြစ်လည်းကောင်း အမည်စာရင်း ပြုစုရမည်။

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းများအဖြစ် အမည်စာရင်းပြုစုရာတွင် အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသည့် ရာအိမ်မှူးများရှိပါက ယင်းတို့၏အမည်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်း အမည်စာရင်းတွင် ချန်လှပ်ခဲ့ရမည်။

(စ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ပုဒ်မ ၇၊ ပုဒ်မခွဲ (စ)တွင် ဖော်ပြထားသော စကားရပ်များကို အမျိုးသားလွှတ်တော်အနေနဲ့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို အခြေခံပြီးတော့ ပုဒ်မအညွှန်းမှန်ကန်စေရန်နဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)တွင်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီးဖြစ်တဲ့အတွက် အောက်ပါအတိုင်း ပြင်ဆင်အတည်ပြုသင့်ကြောင်း ညှိနှိုင်းသဘောတူထားပါတယ်-

၇။ (စ) ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၁) အရ ပြုစုထားသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တစ်ဦးကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ

အိမ်ထောင်စုကိုယ်စားလှယ်များက သတ်မှတ်ထားသော နေ့ရက်တွင် လျှို့ဝှက်ဆန္ဒမဲ ပေးပြီး ရွေးချယ်စေရမည်။ ရရှိသော ဆန္ဒမဲများကို ရေတွက်၍ ဆန္ဒမဲ အများ အနည်း အလိုက် အမည်စာရင်းပြုစုပြီး ကြေညာရမည်။

(ဆ) သက်ဆိုင်ရာ ကျေးရွာတာဝန်ခံ ရွေးချယ်ရာတွင် အများဆန္ဒနှင့်အညီ ရွေးချယ်ပြီးဖြစ်သော ရာအိမ်မှူးများထဲကသာ ရွေးချယ်ရန် သင့်တော်တဲ့အတွက် ပြည်သူ့လွှတ်တော်ကအတည်ပြုခဲ့တဲ့ပုဒ်မ ၇(ဆ)ကိုအောက်ပါအတိုင်း ပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘော တူညီခဲ့ကြပါတယ်-

၇။(ဆ) ကျေးရွာတစ်ရွာထက် ပိုမိုဖွဲ့စည်းထားသောကျေးရွာအုပ်စုများတွင် သက်ဆိုင်ရာ ကျေးရွာတာဝန်ခံ အဖြစ် ရာအိမ်မှူးများထဲမှ တစ်ဦးကို သက်ဆိုင်ရာ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက အများဆန္ဒနှင့်အညီ ရွေးချယ်ရမည်။

(ဇ) ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ပုဒ်မ ၇၊ ပုဒ်မခွဲ (ဇ) မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ခန့်အပ်နိုင်ရန်နှင့် ကျေးရွာအုပ်စု တာဝန်ခံများ၊ ရာအိမ်မှူးများနှင့် ဆယ်အိမ်မှူးများတို့၏ အမည်စာရင်းကို မှတ်တမ်းထားရှိရန် အတွက်သာ မြို့နယ်အုပ်ချုပ်ရေးမှူးများထံသို့ တင်ပြရမည်ဆိုသည့် အချက်ဟာ မူရင်းဥပဒေ၏ ရည်ရွယ်ရင်းဖြစ်သော ပြည်သူ့အခြေပြု အများဆန္ဒနှင့်အညီ ရွေးချယ်စေသည့် အနှစ်သာရနှင့် ဆန့်ကျင်နေတဲ့အတွက် ပယ်ဖျက်သင့်ပြီးတော့ အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့် ပုဒ်မ ၇၊ ပုဒ်မခွဲ (ည)ကို ပုဒ်မ ၇၊ ပုဒ်မခွဲ (ဇ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးတော့ အောက်ပါအတိုင်း ပြင်ဆင်သင့်ပါကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်-

၇။(ဇ) ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို မြို့နယ် အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်-

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ၏အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ၊

(၂) ကျေးရွာ တာဝန်ခံများ၊ ရာအိမ်မှူးများအဖြစ် ရွေးချယ်ခြင်းခံရသူများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ၊

(၃) ဆယ်အိမ်မှူးများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ။

(ဈ) ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ပုဒ်မ ၈၊ ပုဒ်မခွဲ(က)တွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ဆန္ဒမဲအများဆုံးရရှိသူကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ခန့်အပ်ရန်နှင့် ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)တွင် ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ခန့်အပ်ရန်ဟု အတည်ပြုထားရာ ပြည်သူ့အခြေပြု

အများဆန္ဒနှင့်အညီ ရွေးချယ်ပြီးဖြစ်တဲ့ ဆယ်အိမ်မှူး၊ ရာအိမ်မှူးနှင့် ကျေးရွာတာဝန်ခံတို့ကို အသိအမှတ်မပြုဘဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခံရသူက ရွေးချယ်တာဝန်ပေးခန့်အပ်ရန် ဟူ၍ ပြဋ္ဌာန်းထားခြင်းဟာ ဗဟိုဦးစီးစနစ် ပြန်လည်အသုံးပြုရာရောက်တဲ့အပြင် မဲပေးခွင့်၊ အဆုံးအဖြတ်ပြုပိုင်ခွင့်မရှိတဲ့ ကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီချက်ကို ရယူထားခြင်းဖြစ်တဲ့အတွက် ဥပဒေပါ မူလအနှစ်သာရများနှင့် ကွဲလွဲနေပါသဖြင့် အမျိုးသားလွှတ်တော်ရဲ့ ပုဒ်မ ၈ အတိုင်းသာလျှင် ပြန်လည်အတည်ပြုသင့်ကြောင်း အောက်ပါအတိုင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်-

၈။ မြို့နယ်အုပ်ချုပ်ရေးမှူး သည် ကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၇၊ ပုဒ်မခွဲ (ဇ) အရ တင်ပြလာသော အမည်စာရင်းပါပုဂ္ဂိုလ်များအားစိစစ်ပြီး ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရမည်။

(ည) စီမံခန့်ခွဲရာမှာ ပိုမိုထိရောက်စေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ပ)တွင် ဖော်ပြထားတဲ့ မှုခင်းကျဆင်းရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးတို့အတွက် ဆိုတဲ့ စကားရပ်ကို မှုခင်းကျဆင်းရေးနှင့် လုံခြုံရေး တို့အတွက် ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း ညှိနှိုင်းသဘော တူညီခဲ့ကြပါတယ်။

(ဋ) ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ကို အခြေခံပြီးတော့ မူလရည်ရွယ်ချက် အနှစ်သာရနှင့် ကိုက်ညီစေရန်အတွက် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား တာဝန်မှယာယီရပ်ဆိုင်းခံရသည့်ကာလတွင်ဖြစ်စေ၊ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်း၊ ကွယ်လွန်ခြင်း သို့မဟုတ် အခြားအကြောင်းကြောင့် လစ်လပ်နေသည့်ကာလတွင်ဖြစ်စေ၊ ယာယီခွင့်ခံစားခွင့်ပြုသည့် ကာလတွင်ဖြစ်စေ၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ တာဝန်ကို ထမ်းဆောင်ရန် မြို့နယ် အုပ်ချုပ်ရေးမှူးဟာ ပုဒ်မ ၇၊ ပုဒ်မခွဲ(ဆ)အရ ဆန္ဒမဲ ဒုတိယအများဆုံးရရှိတဲ့ ရာအိမ်မှူး တစ်ဦးဦးကို ယာယီတာဝန်ပေးအပ်ရမည် ဆိုတဲ့ စကားရပ်ဖြင့် ပြင်ဆင်ဖြည့်စွက် သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။

(ဌ) တစ်လနှင့်အထက် ကျော်လွန်နေထိုင်သူများအား မှတ်တမ်းထားရှိနိုင်ရန်အတွက် သာဖြစ်သဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ပုဒ်မ ၁၇ တွင် ဖော်ပြထားသောစကားရပ်များအစား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်လနှင့် အထက်ကျော်လွန်၍ လာရောက်တည်းခိုနေထိုင်သူများရှိပါက မှတ်တမ်းထားရှိနိုင်ရန်အတွက် သတ်မှတ်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေးအကြောင်းကြားရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ကြပါတယ်။

(ဍ) ပြည်သူ့လွှတ်တော်မှ အခန်း(၁၀) အခန်းခေါင်းစဉ်ကို မူလပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ထားရှိပြီး ပုဒ်မ ၂၄ ခြေဆင်းကိုတော့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြန်လည်အတည်ပြုထားတာ တွေ့ရှိရပါတယ်။ သို့သော် အမျိုးသားလွှတ်တော်က အခန်း(၁၀) ခေါင်းစဉ်နဲ့ ပုဒ်မ ၂၄ ခြေဆင်းတို့ကို ညီညွတ်မှုရှိစေရန်အတွက် ပြင်ဆင်ခဲ့ခြင်းအား အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာလျှင် ပြန်လည်ထားရှိသင့်ပါကြောင်း အောက်ပါအတိုင်း ညှိနှိုင်းသဘောတူညီ ခဲ့ကြပါတယ်-

**အခန်း(၁၀)**

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း**

၂၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ အောက်ပါ အခွင့်အရေးများကို စောင့်ရှောက်ပေးရမည် -

(ပ) အမျိုးသားလွှတ်တော်က အသစ်ဖြည့်စွက် အတည်ပြုခဲ့တဲ့ ပုဒ်မ ၃၄-က ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားတာကိုတွေ့ရပါတယ်။သို့ရာတွင် ယင်းပုဒ်မဟာ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများရဲ့ လုပ်ငန်းတာဝန်များကို တိကျသေချာစေရန် အထူးပြုထားတဲ့ပုဒ်မဖြစ်တဲ့တွက် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းသာ ပြန်လည်ထားရှိသင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။

(ဏ) ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ပုဒ်မ ၂၊ ပုဒ်မခွဲ(ပ)၊ အခန်း (၃)၊ အခန်းခေါင်းစဉ်၊ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲ (ဃ)နှင့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(စ)တို့ကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီအနေနဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ အကြံပြုဆွေးနွေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ် (၉)ဦးဆွေးနွေးခဲ့ရာမှာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် (၂)ဦးကတော့ ပုဒ်မ ၁၇ တွင်ပါရှိတဲ့ တစ်လနှင့်အထက်ကျော်လွန်၍ ဆိုတဲ့ စကားရပ်ကို ပယ်ဖျက်သင့်ကြောင်း အကြံပြုဆွေးနွေးခဲ့ပြီးတော့ ကျန်(၇)ဦးကတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အတည်ပြုချက်အတိုင်းသာလျှင် ဆက်လက်အတည်ပြုသင့်ကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ ဒါကြောင့်မို့လို့ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်(၂)ဦးရဲ့ တင်ပြချက်ကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ခံယူသင့်ကြောင်းနှင့် လွှတ်တော် နှစ်ရပ်သဘောကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်၌ အဆုံးအဖြတ်ခံယူ ဆောင်ရွက်သင့်ပါကြောင်း အမျိုးသား

လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် ပြန်လည်ပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်း၏ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇(က)၊ အပိုဒ် ၈၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉(ဂ)(ဃ)နှင့် ပြောင်းလဲ အမှတ်စဉ်ထားသည့် အပိုဒ် ၁၄ ခြေဆင်းတို့ကို ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် တင်ပြ ထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည် ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သ ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) တောင်တွင်းကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေး ချက်အရ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ရပ်ကွက်နဲ့ ကျေးရွာအုပ်စု

အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေနဲ့ပတ်သက်ပြီးတော့ တစ်ပိုဒ်ချင်းအလိုက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်များကို အတည်ပြုတင်ပြပေးဖို့ ဖြစ်ပါတယ်။ ပထမဆုံး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၇ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာနံပါတ်(၅) ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ထားချက် အပေါ်မှာ မူတည်ပြီးတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် အပိုဒ် ၇ ၊ အပိုဒ်ခွဲ(က)မှာ ဥပဒေရဲ့ ပုဒ်မ ၅၊ ပုဒ်မခွဲ(င)ရဲ့ ခြွင်းချက်ကို ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ပုဒ်မ ၅၊ ပုဒ်မခွဲ(င) ခြွင်းချက် ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း (၂)နှစ် နေထိုင်သူကို ထည့်သွင်းစဉ်းစားနိုင်သည်လို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့အဆိုပြု တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၉ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာနံပါတ်(၇) ဖြစ်ပါတယ်။ ဥပဒေရဲ့ ပုဒ်မ ၇(ခ)(င)(စ)(ဆ) တို့ကို ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။

၇။ (ခ) ဆယ်အိမ်စုအသီးသီးတွင် နေထိုင်ကြသော အိမ်ထောင်စုကိုယ်စားလှယ် တို့အား စုစည်း၍ မိမိတို့နေထိုင်ရာ ဆယ်အိမ်စုအတွင်း နေထိုင်သူများအနက်မှ ပုဒ်မ ၅ ပါ အရည်အချင်းများနဲ့ ပြည့်စုံသူတစ်ဦးကို အများဆန္ဒနှင့်အညီ ဆယ်အိမ်မှူး အဖြစ် ရွေးချယ်ရမည်လို့ ပြင်ဆင်ထားပါတယ်။

ပုဒ်မခွဲ(င) ဖြစ်ပါတယ်။ စာမျက်နှာ နံပါတ်(၉) ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာနံပါတ်(၉) ဖြစ်ပါတယ်။

(င) ရွေးချယ်ခြင်းခံရသည့် ရာအိမ်မှူးတစ်ဦးထက်ပိုပါက ယင်းပုဂ္ဂိုလ်အား -

(၁) ရပ်ကွက်များတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးလောင်းအဖြစ်လည်းကောင်း၊ ကျေးရွာအုပ်စုများတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်းများအဖြစ်လည်းကောင်း အမည်စာရင်းပြုစုရမည်။

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်းများအဖြစ် အမည်စာရင်းပြုစုရာတွင် အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသည့် ရာအိမ်မှူးများရှိပါက ယင်းတို့၏အမည်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်း အမည်စာရင်းတွင် ချန်လှပ်ရမည်။

(စ) ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၁)အရ ပြုစုထားသော အမည်စာရင်းပါပုဂ္ဂိုလ်များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုကိုယ်စားလှယ်များက သတ်မှတ် ထားသောနေ့ရက်တွင်လျှို့ဝှက်ဆန္ဒမဲပေးပြီးရွေးချယ်စေရမည်။ရရှိသော ဆန္ဒမဲများကိုရေတွက်၍ ဆန္ဒမဲအများ၊ အနည်းအလိုက် အမည်စာရင်းပြုစုပြီး ကြေညာရမည်။

(ဆ) ကျေးရွာတစ်ရွာထက်ပို၍ ဖွဲ့စည်းထားသော ကျေးရွာအုပ်စုများတွင် သက်ဆိုင်ရာ ကျေးရွာတာဝန်ခံအဖြစ် ရာအိမ်မှူးများထဲမှ တစ်ဦးကို သက်ဆိုင်ရာ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက အများဆန္ဒနဲ့အညီ ရွေးချယ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

၁၀။ ရပ်ကွက် သို့မဟုတ် စာမျက်နှာနံပါတ်(၁၃) ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာနံပါတ်(၁၃) ဖြစ်ပါတယ်။ ပြင်ဆင်ချက် အပိုဒ် ၁၀ ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ဆ)၏နောက်တွင် ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်လို့ပြင်ဆင်ထားပါတယ်။

အဲဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန်အဆိုပြု တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉၊ အပိုဒ် ၁၀ ခြေဆင်း ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉၊ အပိုဒ် ၁၀ ခြေဆင်း သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဦးအောင်ကြည်ညွှန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာနံပါတ်(၁၅)ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၁၁ ဖြစ်ပါတယ်။

၁၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဥပဒေပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၈။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၇၊ ပုဒ်မခွဲ(ဇ)အရ တင်ပြလာသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအား စိစစ်ပြီး ပုဒ်မ ၅ ပါ အရည်အချင်းများနဲ့ ပြည့်စုံပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ကျေးရွာတာဝန်ခံ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ အဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရမည်လို့ ပြင်ဆင်ထားပါတယ်။

ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ကို တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဦးအောင်ကြည်ညွှန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၁၄ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာနံပါတ်(၂၀)ဖြစ်ပါတယ်။

၁၄။ (ဃ) ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ပ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ပ) တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့် လုံခြုံရေးတို့အတွက် စစ်ဆေးရန် လိုအပ်သော နေအိမ်ဥပစာနှင့် နေရာများကို လုံလောက်သော အကြောင်းပြချက်နှင့် အဖွဲ့ဖြင့် စနစ်တကျဝင်ရောက် စစ်ဆေးခြင်းလို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၄၊ အပိုဒ်ခွဲ(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄၊ အပိုဒ်ခွဲ(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဦးအောင်ကြည်ညွှန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၁၆ (ခ) ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာနံပါတ်(၂၃) ဖြစ်ပါတယ်။

၁၆။ (ခ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဂ) တာဝန်မှ ယာယီရပ်ဆိုင်းခံရသည့်ကာလတွင်ဖြစ်စေ၊ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်း၊ ကွယ်လွန်ခြင်း သို့မဟုတ် အခြားအကြောင်းကြောင့် လစ်လပ်နေသည့်ကာလတွင်ဖြစ်စေ၊ ယာယီခွင့် ခံစားခွင့်ပြုသည့်ကာလတွင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏တာဝန်ကို ထမ်းဆောင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၇၊ ပုဒ်မခွဲ(ဆ)အရ ဆန္ဒမဲ ဒုတိယအများဆုံးရရှိသည့် ရာအိမ်မှူး တစ်ဦးဦးအား ယာယီတာဝန်ပေးအပ်ရမည်လို့ ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ကြည်ညွှန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၁၈ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာနံပါတ်(၂၅)ဖြစ်ပါတယ်။

၁၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

> ၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း (၁)လနှင့်အထက်ကျော်လွန်၍ လာရောက်တည်းခိုနေထိုင်သူများရှိပါက မှတ်တမ်းထားရှိနိုင်ရန်အတွက် သတ်မှတ်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေးအကြောင်းကြားရမည်လို့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပါတယ်။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော နှင့် ဗိုလ်မှူးတင်အောင်မိုး တို့ကတော့ အပိုဒ် ၁၇ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လာရောက်တည်းခိုနေထိုင်သူများ ရှိပါက မှတ်တမ်းထားရှိနိုင်ရန်အတွက် သတ်မှတ်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေး အကြောင်းကြားရမည်လို့ ပြင်ဆင်ထားပါတယ်။ အဓိက အချက် ကတော့ (၁)လနှင့်အထက် ကျော်လွန်၍ လာရောက်တည်းခိုနေထိုင်သူများရှိပါကဆိုတာကို ဖြုတ်ပယ်ထားခြင်း ဖြစ်ပါတယ်။

ဒီကွဲလွဲချက်နဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူခံယူသင့်ကြောင်း အဆိုပြုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၃၀)မဲ၊ ကန့်ကွက်မဲ (၆၃)မဲ၊ ကြားနေမဲ (၀) ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်

ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ အပိုဒ် ၆ ၊ အပိုဒ် ၉ တွင် ဖော်ပြထားသည့် ပုဒ်မ ၇ ပုဒ်မခွဲငယ်(ဇ)ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။(ဩဘာသံများ)

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက အဆို တင်သွင်းခြင်း**

**အချိန်၊ ၁၂:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး ဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၇၊ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၃။**

**ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ပထမဦးစွာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်နဲ့ အတည်ပြုပြီးတော့ ပြည်သူ့လွှတ်တော်ကို ပေးပို့ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ ပြန်လည်ပေးပို့လာတဲ့အခါမှာ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်များနဲ့ အမျိုးသားလွှတ်တော်က ပြန်လည် စိစစ်ပြီးတော့ ပြင်ဆင်ချက်များမှာ သဘောမတူကွဲလွဲတဲ့ အချက်ပေါင်း(၁၀)ချက် ရှိပါတယ်။ အဲဒီ သဘောမတူတဲ့ ကွဲလွဲနေတဲ့ အချက်များနဲ့ ပတ်သက်ပြီးတော့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၇၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုလွှတ်တော်ကို တင်သွင်း ဆွေးနွေး အဆုံးဖြတ်ခံယူသင့်ပါကြောင်း အဆိုပြုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂:၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၄၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၅) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]